မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ

# သီရိလင်္ကာ ဗုဒ္ဓတက္ကသိုလ်များ မိတ်ဆက်




2025-2026

# မာတိကာ

မာတိကာ............................................................................................................၂

အမှာစာ ............................................................................................................ ၃

၁။ PGIPBS ......................................................................................................... ၄

၂။ PGIHS ............................................................................................................ ၁၁

၃။ Colombo ........................................................................................................ ၁၉

၄။ NIIBS ............................................................................................................. ၂၅

၅။ BUSL .............................................................................................................. ၃၃

၆။ BPU ................................................................................................................ ၄၃

၇။ USJ ................................................................................................................ ၅၂

၈။ UOK ............................................................................................................... ၆၀

# အမှာစာ

**သီရိလင်္ကာနိုင်ငံရှိ မြန်မာကျောင်းသားများအဖွဲ့ (MSAS)** သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့အထိ တစ်လကျော်ကြာကာလအတွင်း သီရိလင်္ကာနိုင်ငံရှိ တက္ကသိုလ် (၈) ခု၏ ဗုဒ္ဓစာပေလေ့လာရေးဌာနများကို မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။ ယခုထွက်ပေါ်လာသည့် စာအုပ်သည် တက္ကသိုလ်မိတ်ဆက်ကဏ္ဍတွင် အသုံးပြုခဲ့သည့် Facebook ပို့စ်များ၊ PowerPoint Slide များကို ပြန်လည်မွမ်းမံထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်သည် သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓစာပေလေ့လာရေးဌာနများကို စိတ်ဝင်စားကြသူများ၊ သီရိလင်္ကာနိုင်ငံသို့ ပညာသင်ကြားရန် စိတ်ဝင်စားကြသူများအတွက် လိုအပ်သော သတင်းအချက် အလက်များကို တစ်စုတစ်စည်းတည်း အလွယ်တကူ ရရှိနိုင်ရန် ရည်ရွယ်ပါသည်။ စာအုပ်ကို လေ့လာသည့်အခါ လိုအပ်သည့်နေရာများတွင် အစီအစဉ်အတွင်း မျှဝေခဲ့သည့် MSAS YouTube Channel ရှိ ဗီဒီယိုများနှင့် တွဲဖက်လေ့လာသင့်ပါသည်။ တက္ကသိုလ်မိတ်ဆက် အခန်းအသီးသီး၏ အဆုံး၌လည်း သက်ဆိုင်ရာဗီဒီယိုလင့် (link) များကို ထည့်ပေးထား ပါသည်။


ဤစာအုပ်သည် MSAS အဖွဲ့သားများ၏ စုပေါင်းအားထုတ်မှုရလဒ် ဖြစ်ပါသည်။ အထူးသဖြင့် ဤစာအုပ်ဖြစ်မြောက်အောင် ကြိုးစားပေးခဲ့ကြသော တက္ကသိုလ်အသီးသီးမှ ကိုယ်စားပြုဆရာတော်များ၊ ပြန်ကြားရေးဌာနမှ ဆရာတော်များနှင့် ဖတ်ရှုအကြံပြု ပေးခဲ့သည့် အတွင်းရေးမှူးဆရာတော်တို့အား MSAS တဖွဲ့လုံး၏ကိုယ်စား ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်တွင် လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်စရာများ ရှိနေပါသေးသည်။ သို့သော် အဖွဲ့ဝင် ဆရာတော်များသည် ပညာရေးလုပ်ငန်းများ၊ လူမှုအကျိုးပြု ကိစ္စများ၊ နိုင်ငံတကာတက္ကသိုလ်မိတ်ဆက်အတွက် ပြင်ဆင်ခြင်း၊ ဘာသာရပ်မိတ်ဆက် အတွက် စီစဉ်ရခြင်း စသည့် လုပ်ငန်းများဖြင့် အချိန်ပြည့်နေကြသည့်အတွက် ယခုပုံစံဖြင့်သာ မျှဝေရခြင်းဖြစ်ပါသည်။ ထိုလိုအပ်ချက်များနှင့် အဆင်မပြေမှုများသည် မိမိ၏ စီမံခန့်ခွဲမှု အားနည်းခြင်းကြောင့်သာဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။

အားလုံး ကြည်လင်ချမ်းမြေ့နိုင်ကြပါစေ။

**ဒေါက်တာ ဘိက္ခုသောပါက**

**ဥက္ကဋ္ဌ**

**မြန်မာကျောင်းသားများ အဖွဲ့အစည်း- သီရိလင်္ကာ (MSAS)**




## ၁။ PGIPBS

**Postgraduate Institute of Pali and Buddhist Studies (PGIPBS), University of Kelaniya (Sri Lanka) မိတ်ဆက်**

သီရိလင်္ကာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာ ဗဟိုချက်မတစ်ခုဖြစ်ပါသည်။ ပညာရေးနယ်ပယ်တွင်လည်း ရှေးယခင်ကတည်းက ထင်ရှားကျော်ကြားခဲ့သော နိုင်ငံတစ်ခုဖြစ်ပါသည်။ ပညာရေးနယ်ပယ်တွင် သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံတကာအဆင့်မီ ပညာရပ်များကို ပို့ချပေးနေသော တက္ကသိုလ်ကြီးများ ရှိကြပါသည်။ PGIPBS ကို ၁၉၇၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပါဠိနှင့် ဗုဒ္ဓစာပေလေ့လာရေးကို ကမ္ဘာ့အဆင့်မီ ပို့ချပေးသည့် ဌာနဖြစ်သည်။ ကေလနိယတက္ကသိုလ်၊ ဘွဲ့လွန်ပါဠိနှင့်ဗုဒ္ဓစာပေဌာန (Postgraduate Institute of Pali and Buddhist Studies (PGIPBS), University of Kelaniya) သည် ထင်ရှားကျော်ကြားသည့် များစွာသော တက္ကသိုလ်တို့မှ တစ်ခုပင် ဖြစ်ပါသည်။ ထိုတက္ကသိုလ်သည် ကိုလံဘိုမြို့တော်အနီး၊ ကေလနိယမြို့ 977/5, University Drive, Bulugaha Junction, Kandy Road တွင် တည်ရှိပါသည်။

ယနေ့ခေတ်တွင် ဤတက္ကသိုလ်သည် ကမ္ဘာတစ်ဝန်းမှ ကျောင်းသား/ကျောင်းသူများ လာရောက်ပညာဆည်းပူးရာ ဘုံဗိမာန်ကြီးတစ်ခုသဖွယ် ဖြစ်လာပါသည်။ ဗုဒ္ဓဘာသာစာပေလေ့လာရေးတွင် ထင်ရှားကျော်ကြားသကဲ့သို့ အစဉ်အလာလည်း ကြီးမားသည့် တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ပါဠိနှင့် ဗုဒ္ဓစာပေလေ့လာရေး (Pali and Buddhist Studies) ဌာနသည် ဗုဒ္ဓစာပေ လေ့လာရေးနယ်ပယ်၌ ကမ္ဘာ့ထိပ်တန်းအဆင့်တွင် ရပ်တည်လျက်ရှိပါသည်။ နိုင်ငံတကာမှ ရဟန်းတော်များ၊ သာသနာ့နွယ်ဝင်ဆရာလေးများ၊ ဘိက္ခုနီများနှင့် ဗုဒ္ဓစာပေလေ့လာရေးကို စိတ်ဝင်စားကြသည့် သုတေသီများ စိတ်ဝင်စားကြသော ဌာနတစ်ခုလည်း ဖြစ်ပါသည်။

**ဖွင့်လှစ်ထားသော သင်တန်းများ၊ ဝင်ခွင့်လျှောက်ထားနိုင်သည့်ကာလနှင့် သင်တန်းကြေး**

(Admission Open 2026)

PGIPBS သည် ဗုဒ္ဓစာပေနှင့် သုတေသနနယ်ပယ်တွင် သင်တန်းများကို လူကိုယ်တိုင်လေ့လာခြင်း၊ အွန်လိုင်းမှလေ့လာခြင်း နှစ်မျိုးတို့ဖြင့် (Dual Mode (On-site + Online) ပို့ချပေးလျက်ရှိသည်။ တက္ကသိုလ်၏ တရားဝင်ကြော်ငြာချက်ရ ဝင်ခွင့်လျှောက်လွှာများကို ဒီဇင်ဘာလ (၁) ရက်မှ ဇန်နဝါရီလ ၃၁ ရက်အတွင်း လက်ခံလျက်ရှိပါသည်။ သုတေသနဘွဲ့လွန်အတန်းများ (MPhil/PhD) အတွက်မူ တစ်နှစ်ပတ်လုံး လျှောက်ထားနိုင်သည်။ သီရိလင်္ကာနိုင်ငံတွင် လက်ရှိနေထိုင်နေသည့် သူငယ်ချင်း အသိတစ်ပါးပါးကို ကျောင်းအပ်ခြင်း၊ အဆောင်ကိစ္စစီစဉ်ခြင်း စသည်တို့အတွက် အကူအညီ တောင်းနိုင်ပါသည်။ တက်ရောက်မည့်အတန်းအတွက် လိုအပ်သည့်ဆိုင်ရာအောင်လက်မှတ်၊ မိတ္တူ၊ အမှတ်စာရင်း၊ နိုင်ငံကူးလက်မှတ် (passport) မိတ္တူ၊ ရဲစခန်းထောက်ခံစာ စသည်တို့ကို အင်္ဂလိပ်ဘာသာပြန်ထားရမည်။

**ဝင်ခွင့်လျှောက်လွှာတင်ရာ၌ လိုအပ်သော အရည်အချင်းများ**

**1) M. A - ၁ နှစ်တန်း**

အသိအမှတ်ပြုခံရသော တက္ကသိုလ်တစ်ခုခုမှ B.A (Buddhist Studies) သို့မဟုတ် သာသနဓဇဓမ္မာစရိယဘွဲ့ စသည့် ဘွဲ့တစ်ခုခုနှင့် ဘွဲ့လွန်ဒီပလိုမာ(Buddhist Studies/Pali), တက္ကသိုလ်၏ ပညာရေးဆိုင်ရာဌာနမှ အသိအမှတ်ပြုသော ဘွဲ့တစ်ခုခု ဖြစ်ရမည်။

**2) M. A - ၂ နှစ်တန်း**

ဗုဒ္ဓစာပေလေ့လာရေးနယ်ပယ်မှ B.A ဘွဲ့ရပြီး (M.A ၁-နှစ်တန်းအောင်မြင်ပြီးသူများသည် M.A နှစ်နှစ်တန်းကို ပြောင်းလဲလေ့လာနိုင်ပါသည်) ဖြစ်ရမည်။ ဗုဒ္ဓစာပေလေ့လာရေးနယ်ပယ်တွင် အသိအမှတ်ပြု ဘွဲ့လက်မှတ်မရှိသော်လည်း ကျောင်းသားကတောင်းဆိုပါလျှင် ဗုဒ္ဓစာပေလေ့လာရေးနယ်ပယ်တွင် လိုအပ်သည့် အရည်အချင်း၊ အတွေ့အကြုံများရှိပါက တက္ကသိုလ်၏ ပညာရေးဌာနမှ အင်းတာဗျူး၍ လက်ခံနိုင်ပါသည်။ တက္ကသိုလ်မှ သတ်မှတ်သည့် အရည်အချင်းပြည့်မီပါက ဝင်ခွင့်ရနိုင်ပါသည်။

**3) MPhil အတန်း**

M.A ၁ နှစ်တန်း၊ M.A ၂ နှစ်တန်းအောင် ဝင်ခွင့်ရှိသည်။ အင်တာဗျူး မရှိပါ။

4) PhD အတန်း

M.A ၂ နှစ်တန်းအောင်၊ MPhil ဘွဲ့ရပုဂ္ဂိုလ်များ ဝင်ခွင့်ရှိသည်။ အင်တာဗျူး မရှိပါ။

**<u>သင်တန်းအမျိုးအစားများ</u>**

* အသိအမှတ်ပြု လက်မှတ်ရ သင်တန်းများ (Postgraduate Certificate): Pali Studies, Buddhist Studies အပါအဝင် တစ်နှစ်ကြာ သင်တန်းများဖြစ်ကြသည်။

* ဒီပလိုမာ သင်တန်းများ (Postgraduate Diploma): Pali Studies, Buddhist Studies နှင့် Buddhist Ayurvedic Counselling အထူးပြုများကို တစ်နှစ်ကြာ တက်ရောက်နိုင်သည်။

* မဟာဘွဲ့ သင်တန်းများ (Master of Arts - MA): Pali Studies, နှင့် Buddhist Studies အထူးပြုများကို တစ်နှစ် (သို့မဟုတ်) နှစ်နှစ်၊ Buddhist Counselling အတန်းကို တစ်နှစ်ကာလဖြင့် ရွေးချယ်တက်ရောက်နိုင်သည်။

* သုတေသနဘွဲ့များ (Higher Degrees by Research): Master of Philosophy (MPhil - ၂ နှစ်) နှင့် Doctor of Philosophy (PhD - ၃ နှစ်) သုတေသနဘွဲ့များကိုလည်း ဆည်းပူးနိုင်ပါသည်။

## ပြည်ပကျောင်းသားများအတွက် သင်တန်းကြေးများ (နှစ်စဉ်နှုန်းထား)

သင်တန်းကြေးများတွင် မှတ်ပုံတင်ကြေး၊ စာကြည့်တိုက်ကြေးနှင့် စာမေးပွဲကြေးများ ပါဝင်ပြီး၊ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်း/သီလရှင်များ အတွက် အောက်ပါအတိုင်း သက်သာသော နှုန်းထားများ သတ်မှတ်ပေးထားသည်:

* Certificate: US $250

* Diploma (တစ်နှစ်): US $610

* MA (တစ်နှစ်): US $710

* MA (နှစ်နှစ်): ပထမနှစ် US $710၊ ဒုတိယနှစ် US $500

* MPhil: US $960 (Two Years - $ 1,920)

* PhD: US $1060(Three Years - $ 3,180)

## ၁။ ကျောင်းသားများ၏ နေထိုင်စားသောက်မှုဆိုင်ရာအထောက်အပံ့များ

တက္ကသိုလ်သို့ လာရောက်ပညာသင်ကြားသည့် နိုင်ငံတကာကျောင်းသားများအနေဖြင့် နေထိုင်မှုအတွက် အောက်ပါရွေးချယ်စရာများ ရှိပါသည်။

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

ကျောင်းဆောင်/အိမ်ငှားခြင်း: တစ်ချို့သောကျောင်းသားသည် တက္ကသိုလ်ပတ်ဝန်းကျင်တွင် အဆောင်ငှားရမ်းနေထိုင်ကြသည်။ အချို့မှာမူ သီရိလင်္ကာနိုင်ငံရှိ မကုဋ္ဌာရာမမြန်မာကျောင်း၊ ဆင်ဟာလဘုန်းတော်ကြီးကျောင်း၊ ဘိက္ခုနီကျောင်းများတွင် သင့်တော်သလို နေထိုင်လေ့ရှိကြပါသည်။

**စာကြည့်တိုက်နှင့် သုတေသန အထောက်အကူ**

PGIPBS တွင် ပါဠိဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများ အစုံအလင်ရှိပါသည်။ သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓစာပေလေ့လာရေးဌာနတို့တွင် ခေတ်အမီဆုံးနှင့် ကောင်းဆုံးသော စာကြည့်တိုက်ဟု ဖော်ညွှန်းလေ့ရှိကြပါသည်။ Online ဂျာနယ်များနှင့် E-စာအုပ်များကို လွယ်ကူစွာ အသုံးပြုနိုင်သော E-resources များနှင့် Journals များကိုလည်း လိုအပ်ရာရာ စာကြည့်တိုက်မှူးမှ ကူညီထောက်ပံ့ပေးပါသည်။ နှစ်စဉ် သုတေသနစာစောင်ဖြစ်သော ANVEṢAṆĀ စာဆောင်ကိုလည်း ထုတ်ဝေလျက်ရှိပါသည်။

**၂။ ဗီဇာအစီအစဉ်နှင့် နိုင်ငံတကာဆက်ဆံရေး**

ဗီဇာအစီအစဉ်: PGIPBS သို့ တက်ရောက်သည့် ပြည်ပကျောင်းသားများသည် သက်ဆိုင်ရာ ဝင်ခွင့်ခေါ်ယူမှုနှင့်အညီ လိုအပ်သည့် စာရွက်စာတမ်းများ ပြည့်စုံပါက ကျောင်းသားဗီဇာ လျှောက်ထားနိုင်ပြီး ပညာသင်ကာလအတောအတွင်း သက်တမ်းတိုးနိုင်ပါသည်။

နိုင်ငံတကာ ဆက်ဆံရေး: PGIPBS သည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာကို အထူးပြု၍ နိုင်ငံခြားသားကျောင်းသား အများဆုံး လက်ခံသင်ကြားပေးသည့် ထိပ်တန်းဌာနဖြစ်သည်။ မြန်မာ၊ တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ နီပေါ၊အမေရိကန်၊စက်ပူ၊ကမ္ဘောဒီးယား အပါအဝင် နိုင်ငံစုံမှ ကျောင်းသားများရှိကြပါသည်။ နိုင်ငံတကာ တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သည်။

## ၃။ ပညာသင်ကြားခနှင့် ကုန်ကျစရိတ်

ပြည်ပကျောင်းသားများအတွက် သင်တန်းကြေးများကို US Dollars ဖြင့် သတ်မှတ်ထားပြီး ဗုဒ္ဓဘာသာ ရဟန်း/သီလရှင်ဆရာလေးများ အတွက် အထူးသက်သာသော နှုန်းထားများ ရှိပါသည်။ (အသေးစိတ်နှုန်းထားများကို အထက်တွင် ဖော်ပြထားပြီးဖြစ်သည်။)

နေထိုင်မှု ကုန်ကျစရိတ်: အဆောင်ငှါးရမ်းခြင်း၊ ဘုန်းတော်ကြီးကျောင်းတို့တွင် နေထိုင်ခြင်းစသည့် နေထိုင်မှုပုံစံပေါ်မူတည်၍ ကုန်ကျစရိတ် အပြောင်းအလဲရှိနိုင်သည်။ အဆောင်ငှါးနေမည်ဆိုပါက များသောအားဖြင့် MA (one year) ကျောင်းသားများအတွက် ကျောင်းကြေး အနေထိုင် အစားစရိတ်အပြီးစီး ဒေါ်လာ (၃၀၀၀) လောက်ဆို လောက်နိုင်ပါသည်။

## ၄။ ဘွဲ့ရပြီး အခွင့်အလမ်း (Post-Graduate Opportunities)

* ဘွဲ့၏ တရားဝင်မှု: PGIPBS မှ ပေးအပ်သည့် ဘွဲ့များသည် အစိုးရတက္ကသိုလ်ဖြစ်သည့် ကေလနိယတက္ကသိုလ်မှ ပေးအပ်သည့် ဘွဲ့များဖြစ်သောကြောင့် နိုင်ငံတကာတွင် အဆင့်မီ အသိအမှတ်ပြုထားသော ဘွဲ့များဖြစ်ကြသည်။

အနာဂတ် အခွင့်အလမ်း: ဤဘွဲ့များရရှိပြီးနောက် ပြည်တွင်း/ပြည်ပတွင် သင်ကြားရေးဆိုင်ရာ ရာထူးများ၊ ဗုဒ္ဓဘာသာသုတေသနဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံတကာတက္ကသိုလ်များတွင် Ph.D. စသည့် အဆင့်မြင့် သုတေသနဆိုင်ရာ ပညာရပ်များကို ဆက်လက်တက်ရောက်ရန် အခွင့်လမ်းများ ရှိပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**PGIPBS မိတ်ဆက်**

## 📞 PGIPBS သို့ဆက်သွယ်ရန်

1. Tel: +94 112269056 / 0112809321
2. Email: pgipbsapplications@gmail.com
3. Web: **https://pgipbs.kln.ac.lk/**

MYANMAR STUDENTS ASSOCIATION IN SRI LANKA
MSAS
2025



# ပေရာဒေနိယ တက္ကသိုလ် မိတ်ဆက်

## ၂။ PGIHS

**Postgraduate Institute of Humanities and Social Sciences,**

**University of Peradeniya**

သီရိလင်္ကာနိုင်ငံ၊ ကန္ဒီ (Kandy) မြို့အနီးရှိ သဘာဝအလှတရားများနှင့် ပြည့်စုံသော ပေရာဒေနိယ တက္ကသိုလ် (**University of Peradeniya**) ၏ **Postgraduate Institute of Humanities and Social Sciences (PGIHS)** မှ ဗုဒ္ဓဘာသာပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို တက်ရောက်ရန် စိတ်ဝင်စားသော ရဟန်းတော်များ၊ သီလရှင်များနှင့် ကျောင်းသားများအတွက် အောက်ပါ အချက်အလက်များကို စုစည်း တင်ပြပေးလိုက်ပါသည်။

### ၁။ တက္ကသိုလ်အကြောင်း အကျဉ်းချုပ်

- **တက္ကသိုလ်၏ အမည်အပြည့်အစုံနှင့် အတိုကောက် - University of Peradeniya (UoP)**။ သီရိလင်္ကာနိုင်ငံ၏ သက်တမ်းအရင့်ဆုံးနှင့် အကြီးဆုံးသော အစိုးရတက္ကသိုလ် ဖြစ်ပါသည်။

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

- **သမိုင်းအကျဉ်းနှင့် တည်ထောင်ခုနှစ်** - မူလအစ **၁၉၄၂ ခုနှစ်** တွင် တည်ထောင်ခဲ့သည့် **University of Ceylon** မှ စတင်ခဲ့ပါသည်။ လက်ရှိ ပေရာဒေနိယ၏ သာယာလှပသော နေရာသို့ **၁၉၅၂ ခုနှစ်** တွင် ပြောင်းရွှေ့ပြီး လုပ်ငန်းများ စတင်လည်ပတ်ခဲ့ပါသည်။

- **တည်နေရာ/လိပ်စာနှင့် ပတ်ဝန်းကျင်** - ကန္ဒီမြို့ (Kandy) ၏ အပြင်ဘက် ၈ ကီလိုမီတာခန့်အကွာ ပေရာဒေနိယတွင် တည်ရှိပါသည်။ **ဟန်သာန (Hanthana) တောင်တန်း** နှင့် **မဟာဝေလိ (Mahaweli) မြစ်** တို့ဝန်းရံထားသောကြောင့် ကမ္ဘာ့အလှပဆုံး တက္ကသိုလ်များထဲမှ တစ်ခုအဖြစ် သတ်မှတ်ခြင်း ခံထားရပါသည်။

- **အဓိက ရည်မှန်းချက် (Mission/Vision)** – "ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်မီသော အဆင့်မြင့် ပညာရေး၏ ထူးချွန်သော ဗဟိုဌာနတစ်ခု ဖြစ်ရန်" နှင့် "သီရိလင်္ကာနိုင်ငံ၏ အပြည့်စုံဆုံး တက္ကသိုလ်" ဖြစ်ရန် ရည်မှန်းထားပါသည်။

**၂။ ပညာရေးနှင့် သင်ကြားရေး (Academics & Curriculum)**

**တက်ရောက်နိုင်သော အတန်းများ၊ သင်တန်းကာလများနှင့် ဘာသာရပ်များ (Courses, Duration, Subjects)**

  - **Postgraduate Diploma in Buddhist Studies (PGD)**၊ ၁ နှစ်၊ Coursework
  - **Master of Arts (M.A.) -** ၁ နှစ် (Coursework နှင့် Guided Project)
  - **Master of Arts (M.A.) -** ၂ နှစ် (Coursework နှင့် သုတေသန ကျမ်းရေး)
  - **Master of Philosophy (M.Phil.) -** ၂ နှစ် (သုတေသန ကျမ်းရေး)
  - **Doctor of Philosophy (Ph.D.) -** ၃ နှစ် (သုတေသန ကျမ်းရေး)

- **သင်ကြားရေး ဘာသာစကား** - အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပေးပါသည်။

- **တစ်နှစ်တာသင်ကြားရေး အစီအစဉ်** - စာသင်နှစ်ကို Semester များဖြင့် ပိုင်းခြားထားပြီး Coursework များ၊ Assignment များ, Oral Presentation များနှင့် သုတေသနကျမ်း (Proposal, Thesis) တို့ ပါဝင်ပါသည်။

📌 Coursework တွင် **သင်ကြားပေးသော ဘာသာရပ်များ** - Buddhist Studies, Pali, Sanskrit, Philosophy, English, Education, Religious and Cultural Studies စသော ဘာသာရပ်များကို ရွေးချယ်နိုင်ပါသည်။ သင်ရိုးညွှန်းတမ်းကိုတော့ သက်ဆိုင်ရာ Board of Study က သတ်မှတ်ပါသည်။

**၃။ ပညာသင်စရိတ် (Fee & Expenses)**

PGIHS သည် နိုင်ငံခြားသား ရဟန်းတော်များ (Clergy from foreign countries) အတွက် သီးသန့် Fee နှုန်းထားများကို သတ်မှတ်ပေးထားပါသည်။

- **အတန်းကြေး(Tuition Fees)** -
    - **Postgraduate Diploma (1 year)** - $750
    - **M.A.1 year (Coursework & Project)** - $900
    - **M.A. 2 years (Coursework & Research)** - $ 1800
    - **M.Phil. (Research)** $ 2100
    - **Ph.D. (Research)** - $3150
- **တစ်ကြိမ်သာ ပေးသွင်းရသည့် ကြေးများ** - ကျောင်းအပ်နှံခ ($250၊ စာကြည့်တိုက် အပ်ငွေ ($40) ။
- **နှစ်စဉ် ပေးသွင်းရသည့် အခြားကြေးများ** - စာကြည့်တိုက်ကြေး ($60) ၊ စာမေးပွဲကြေးများ။

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

ကျောင်းလခများကို အခါအားလျော်စွာ ပေးသွင်းနိုင်ပါသည်။ ယခုကျောင်းကြေးများသည် လက်ရှိတက္ကသိုလ်မှ ထုတ်ပြန်ထားသည့် "Fee Structure - PGIHS" မှ ဖြစ်ပါသည်။ သို့သော် တက္ကသိုလ်သည် အချိန်မရွေး Fee နှုန်းထားများကို ပြောင်းလဲနိုင်ပါသည်။

**၄။ နေထိုင်မှုနှင့် ကျောင်းသားအထောက်အပံ့ (Accommodation & Support)**

**တက္ကသိုလ်အဆောင်**

- UoP နှင့် PGIHS သည် လက်ရှိအချိန်တွင် ဘွဲ့လွန်(Postgraduate) ကျောင်းသားများအတွက် ကျောင်းတွင်း အဆောင်ကို စီစဉ်ပေးနိုင်ခြင်း မရှိသေးပါ။
- လက်ရှိတွင် အဓိကအားဖြင့် ဘွဲ့ကြို(Undergraduate)ကျောင်းသားများသာ အဆောင်ရနိုင်ပါသည်။

**ပြင်ပနေထိုင်မှုနှင့် စရိတ်**

- ကျောင်းသားများသည် တက္ကသိုလ်နှင့် နီးစပ်သော Kandy မြို့နှင့် ပေရာဒေနိယဝန်းကျင်ရှိ ကိုယ်ပိုင်အိမ်များ သို့မဟုတ် တိုက်ခန်းများတွင် ငှားရမ်းနေထိုင်နိုင်ပါသည်။
- **ခန့်မှန်း အဆောင်ခ** - တစ်လလျှင် Rs 10,000–15,000 ($75–95) ဖြင့် တစ်ဦးတည်း အခန်း ငှားရမ်းနေနိုင်ပါသည်။ စုပေါင်း၍လည်း ငှါးရန်နေနိုင်ပါသည်။
- **နေထိုင်စားသောက်စရိတ်** - တစ်လလျှင် USD 200–300 ဝန်းကျင် ကုန်ကျနိုင်ပါသည်။
- အထက်ပါနေစရိတ်များ အကုန်ကျမခံလိုပါက အဆက်အသွယ်ရှိသည့် လိုကယ်ဘုန်းကြီးကျောင်းများတွင်လည်း လိုကယ်ဘုန်းကြီးများ နည်းတူ အခမဲ့ နေထိုင်နိုင်ပါသည်။

**ကျောင်းသားအထောက်အပံ့**

- **စာကြည့်တိုက်** - စာအုပ်စာတမ်းများ (ပိဋကတ်၊ ပေစာများ) နှင့် ဒစ်ဂျစ်တယ် အထောက်အပံ့များ ရရှိပါသည်။

- **အခြား အထောက်အပံ့များ** - ကွန်ပျူတာခန်း၊ အင်တာနက် (Wi-Fi) ၊ ကျောင်းသား အကြံညာဏ်ပေး ဝန်ဆောင်မှုများလည်း ရှိပါသည်။

## ၅။ ဝင်ခွင့်နှင့် ဗီဇာ လိုအပ်ချက်များ (Admission & Visa Requirements)

### ဝင်ခွင့်လိုအပ်ချက်များ (Entry Requirements)

### 📝 ကျောင်းအပ်နှံရန် လိုအပ်သည့် အဓိက စာရွက်စာတမ်းများ

လျှောက်ထားသူသည် မိမိတက်ရောက်လိုသည့် ဘွဲ့အဆင့်အလိုက် (PGD, M.A., M.Phil., Ph.D.) လိုအပ်သော အရည်အချင်းများနှင့်ပြည့်စုံကြောင်း သက်သေပြရန် အောက်ပါမူရင်းစာရွက်စာတမ်းများ (သို့မဟုတ်) မှတ်တမ်းတင်ထားသော မိတ္တူများကို ပြင်ဆင်ထားရပါမည်။

**(က) ပညာရေးဆိုင်ရာ မှတ်တမ်းများ (Academic Documents)**

- **မူရင်းဘွဲ့လက်မှတ် (bachelor's degree Certificate)** - လျှောက်ထားမည့် ဘွဲ့လွန်သင်တန်းအတွက် အခြေခံအဖြစ် လိုအပ်သော ဘွဲ့ (ဥပမာ - B.A. Degree) မူရင်းလက်မှတ်။

- **ဘွဲ့လွန်လက်မှတ်များ (Postgraduate Certificates)** - (M.Phil. သို့မဟုတ် Ph.D. လျှောက်ထားပါက) မဟာဘွဲ့ (M.A.) သို့မဟုတ် အခြားဘွဲ့လွန် ဒီပလိုမာ လက်မှတ်များ။

- **ရမှတ်စာရင်း (Transcripts / Detailed Mark Sheets)** - သင်ယူခဲ့သော ဘာသာရပ်များ၏ အသေးစိတ် အမှတ်စာရင်းများ။

- PGIHS ၏ အတန်းများသည် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်သောကြောင့် အနည်းဆုံး Intermediate အဆင့် ရှိရပါမည်။ (English Level ကို ဖော်ပြပေးရတာမျိုးလည်း ရှိနိုင်ပါသည်။)

- **သုတေသန အဆိုပြုလွှာ (Research Proposal)** - (M.Phil. နှင့် Ph.D. လျှောက်ထားသူများအတွက်သာ) မိမိလုပ်ဆောင်လိုသော သုတေသန အကြောင်းအရာ၊ ရည်ရွယ်ချက်၊ နည်းစနစ်များ ပါဝင်ရပါမည်။

- **လျှောက်လွှာတင်ရမည့် အချိန်** - နှစ်စဉ် ကျောင်းသားသစ် (Intake) ခေါ်ယူမှုရှိပါတယ်။ (ဥပမာ - Intake ၂၀၂၆ အတွက် ၂၀၂၅ ဒီဇင်ဘာလအတွင်း နောက်ဆုံးထား လျှောက်ရပါသည်)။

- **လျှောက်လွှာတင်ရမည့် ပုံစံ** - Online မှ လျှောက်လွှာပုံစံကို download လုပ်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ တင်ပြရပါသည်။

**(ခ) ဗီဇာလိုအပ်ချက်များ (Visa Requirements)**

- **လျှောက်နည်း** - ပညာသင်ကြားလိုသူတိုင်း သီရိလင်္ကာမရောက်မီ **Entry Visa** ကို ရယူရပါမည်။ PGIHS မှ ကျောင်းဝင်ခွင့်/ဖိတ်စာ ရရှိပြီးနောက် သက်ဆိုင်ရာ သီရိလင်္ကာသံရုံးမှတဆင့် လျှောက်ထားရပါမည်။

- **သက်တမ်းတိုးနည်း** - သီရိလင်္ကာသို့ ရောက်ရှိပြီး ရက် ၃၀ အတွင်း **Residence Visa (Education)** ကို လူဝင်မှုကြီးကြပ်ရေးဌာနတွင် ပြောင်းလဲ လျှောက်ထားရပါမည်။

- **မှတ်ချက် -** ခရီးသွားဗီဇာ (Tourist Visa) သည် Residence Visa ရယူရန် အကျုံးမဝင်ပါ။

- **ဗီဇာ လျှောက်ထားရာတွင် လိုအပ်သည်များ (Entry Visa အတွက်) -**

    - PGIHS မှ ပေးပို့သော ကျောင်းဝင်ခွင့် (သို့) ဖိတ်စာ (Letter of admission/invitation)
    - နေထိုင်ရာနိုင်ငံမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ (Security clearance)
    - ပတ်စပို့ မိတ္တူစသည် အပါအဝင် ပညာရေးဆိုင်ရာ မှတ်တမ်းများ (Academic records)

**၆။ ဘွဲ့ရပြီး အခွင့်အလမ်း (Post-Graduate Opportunities)**

- **ဘွဲ့၏ တရားဝင်မှု -** PGIHS သည် ပေရာဒေနိယ တက္ကသိုလ်နှင့် ချိတ်ဆက်ထားသည့် အဆင့်မြင့် ဘွဲ့လွန်ဌာနဖြစ်သောကြောင့် ရရှိသောဘွဲ့များသည် နိုင်ငံတကာတွင် အသိအမှတ်ပြုမှု ရရှိရန် အခွင့်အလမ်းမြင့်မားပါသည်။

- **အနာဂတ်အခွင့်အလမ်း -** ဤတက္ကသိုလ်မှ ဘွဲ့ရပြီးပါက ပြည်တွင်း/ပြည်ပတွင် အခြားတက္ကသိုလ်များ၌ ပညာရေး ဆက်လက် သင်ယူရန် သို့မဟုတ် သုတေသနနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ရန် လွယ်ကူစေပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**PGIHS မိတ်ဆက်**

### 📞 PGIHS သို့ ဆက်သွယ်ရန်

1. Tel: +94 812 068 363/ +94 812 068 362

2. Email: info@pgihs.ac.lk
3. Web: **http://web.pgihs.ac.lk/**

MYANMAR STUDENTS ASSOCIATION IN SRI LANKA
MSAS
2025




## ၃။ Colombo

### University of Colombo

**#သီရိလင်္ကာနိုင်ငံ**၊ ကိုလံဘိုတက္ကသိုလ်၏သမိုင်းနောက်ခံနှင့် မျက်မှောက်ဗုဒ္ဓစာပေသင်ကြားရေး အခြေအနေတို့ကို မိတ်ဆက်ပေးခြင်းဖြစ်သည်၊ ကိုလံဘိုတက္ကသိုလ်၌ ပညာသင်လိုသော ရဟန်းရှင်လူများအတွက် အထောက်အကူပြုစေရန်ရည်ရွယ်သည်။

၁။ **#တက္ကသိုလ်သမိုင်းအကျဉ်းချုပ်**

(က) တက္ကသိုလ်အမည်အပြည့်အစုံနှင့်အတိုကောက် ။ ကိုလံဘိုတက္ကသိုလ် (University of Colombo) ဟု ခေါ်ကြသည်၊ သင်္ကေတအားဖြင့် ယူအိုစီ (UoC) ဟု ခေါ်ဆိုကြ၊ ရေးသားကြသည်၊

(ခ) **#သမိုင်းအကျဉ်းနှင့်တည်ထောင်ခုနှစ်** ။ နှစ်ပေါင်း ၁၀၀ ကျော် ရှေးကျသောတက္ကသိုလ်ဖြစ်သည်၊ စီလုံတက္ကသိုလ်ကောလိပ် (Ceylon University College) ကို ၁၉၂၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်၊ ယင်းနှင့် စီလုံဆေးကောလိပ် (Ceylon Medical College, 1880) တို့ ပူးပေါင်း၍ စီလုံတက္ကသိုလ်

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

(University of Ceylon) ကို ၁၉၄၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ကိုယ်ပိုင်ဘွဲ့အပ်နှင်းမှုစခဲ့သည်၊ ၂၀၂၁ ခုနှစ်တွင် ရာပြည့်နှစ် မှတ်တမ်းဝင်ပြီး ဖြစ်သည်။ **#ဤတက္ကသိုလ်၌** ဗုဒ္ဓစာပေသင်ကြားရေးဌာနသည် အရှေ့တိုင်းပညာသင်ကြားရေးဌာနမှ ရွှေ့လျားတိုးတက်မှု၏ ပြယုဂ်ပင်ဖြစ်သည်။

(ဂ) **#တည်နေရာနှင့်ပတ်ဝန်းကျင်** ။ တက္ကသိုလ်သည် ကိုလံဘို အမှတ် ၃၊ ကုမာရတုန်ဂမုနိဒသလမ်းမကြီး (Colombo 03, Kumaratunga Munidasa Road)၌ တည်ရှိသည်၊ ကိုလံဘိုမြို့တော်အတွင်းဖြစ်၍ အချက်အချာကြသည်၊ သွားလာရေးအတွက် ချောမွေ့သောအရပ်ဖြစ်သည်၊

**#ပတ်ဝန်းကျင်အနေအထား** အားဖြင့် ဘီဘီစီစာအုပ်အရောင်းဆိုင် (Buddhist Cultural Centre)၊ ဘွဲ့နှင်းသဘင်ခန်းမ (BMICH)၊ လွတ်လပ်ရေးပန်းခြံ (Independent Square)၊ ဘီပီယူတက္ကသိုလ်အခွဲ (BPU Branch)၊ ဆေးစစ်ဌာန စသည့် အထင်ကရနေရာတို့ဖြင့် ခြံရံထားသည်။

(ဃ) **#ရည်ရွယ်ချက်**။ ဒေသခံတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ယင်းတို့၏ စာပေနှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းရန်ဖြစ်သည်။ မျက်မှောက်ကာလ၌ "ပညာအလင်း နေရာအနှံ့ ပြန့်စေသတည်း"ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ပြုထားသည်။

၂။ **#ပညာရေးနှင့်သင်ကြားရေး**

(က) **#တက်ရောက်နိုင်သောအတန်းများ**

o Master of Arts (MA., 1 year) - ၁ နှစ်သင် အမ်အေနန်း၊

o Master of Philosophy (MPhil., 2 years) - ၂ နှစ်သင် အမ်ဖီးလ်တန်းနှင့်

o Doctor of Philosophy (PhD., 3 years) - ၃ နှစ်သင် ပီအေ့ချ်ဒီတန်းတို့ကို ရွေးချယ်တက်ရောက်ခွင့်ရှိသည်။

(ခ) **#သင်ကြားရေးဘာသာစကား**။ နိုင်ငံခြားကျောင်းသားများအတွက် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေး သည်၊

(ဂ) **#တနှစ်တာသင်ကြားရေးအစီအစဉ်**။ ၁ နှစ်သင် အမ်အေတန်း၌ စာသင်နှစ်ကို semester ၂ ခုဖြင့်ခွဲထားသည်၊ ယင်းကာလအတွင်း သတ်မှတ်ထားသောဘာသာရပ် ၈ ခုတို့ကိုသင်ယူခြင်း (Subjects)၊ အဆိုင်းမန့် (Assignment) ရေးသားခြင်း၊ ကျမ်းခေါင်းစီးတင်ခြင်း (Topic)၊ သုတေသနအဆိုပြုလွှာရေးသားခြင်း (Proposal)၊ သုတေသနကျမ်းငယ်ရေးသားခြင်း (Mini Dissertation/ Extended abstract/ Extended Essay)၊ ဆွေးနွေးတင်ပြခြင်းအစီအစဉ်တို့ကို ဆောင်ရွက်ရသည်။

၃။ **#ကုန်ကျစရိတ်များ**

(က) **#ပညာသင်ကြားခ**

ကုန်ကျစရိတ်အားဖြင့်

o MA (1 year) - $ 1017.

o MPhil (2 years) - $ 2067.

o PhD (3 years) - $ 3667 ဖြစ်သည်၊

ယင်းတို့တွင် -

o မှတ်ပုံတင်ကြေး - $ 20

o စာကြည့်တိုက်ကြေး - $ 10

ဝ စာမေးပွဲကြေး - $ 20

ဝ စာကြည့်တိုက်စရံငွေ -$17 စုစုပေါင်း $ 67 ပါဝင်ပြီးဖြစ်သည်။

(ခ) **#ပြင်ပနေထိုင်မှု**။ မကုဋ္ဌရာမမြန်မာကျောင်း၊ သီဟိုဠ်ဘုန်းကြီးကျောင်း၊ အိမ်ငှားနေထိုင်ခြင်း ဟု နေရာ ၃ မျိုးရှိသည်။

(ဂ) ကုန်ကျစရိတ် ။ အိမ်ငှားနေရလျှင် တနှစ်စာ $ 1000 ခန့်ကုန်ကျနိုင်သည်။

(ဃ) **#တက္ကသိုလ်စားသောက်ဆိုင်**။ တက္ကသိုလ်အတွင်း စရိတ်သက်သာသည့် စားသောက်ဆိုင်များ စွာရှိသည်၊

(ဃ) **#အခြားကုန်ကျမှုစရိတ်**။ နေ့စဉ်သွားလာခြင်း၊ ဒေသန္တရခရီးသွားခြင်း၊ လူမှုရေး၊ တကိုယ်ရေသုံး စွဲခြင်း စသည်အတွက် ကုန်ကျမှုရှိသည်။

၄။ **#ကျောင်းသားအထောက်အပံ့**

(က) **#တက္ကသိုလ်**။ တက္ကသိုလ်ဝင်းအတွင်း ၂၄ နာရီ Wi-Fi အင်တာနက်ပေးထားသည်၊ Arts Faculty မြေညီထပ်၌ လွတ်လပ်စွာ အင်တာနက်သုံးခြင်း၊ စာကြည့်ခြင်း၊ စာရေးခြင်း၊ ဆွေးနွေးစကားပြောခြင်း အတွက် နေရာပေးထားသည်။

(ခ) **#စာကြည့်တိုက်**။ ပင်မစာကြည့်တိုက်ကြီး၊ ဌာနခွဲစာကြည့်တိုက်ဟု ၂ မျိုးရှိသည်၊ ဌာနခွဲစာကြည့်တိုက်၌ သက်ဆိုင်ရာဗုဒ္ဓစာပေဆိုင်ရာစာအုပ်စာတမ်းများရှိပြီး၊ ပင်မစာကြည့်တိုက်ကြီး ၌မူ မဟာဌာနပေါင်းစုံမှ ဘာသာရပ်နယ်ပုံစုံ စာအုပ်စာပေများစုစည်းထားသည်၊ စာကြည့်တိုက်အတွင်း ကွန်ပျူတာငှားရမ်းခြင်း ဝန်ဆောင်ရှိသည်၊ စုပေါင်းဆွေးနွေးခန်းအဖြစ် မြေညီထပ်နေရာရှိသည်၊

ဤစာကြည့်တိုက်ကြီး၌လည်း အင်တာနက်အပြည့်အစုံပေးထားသည်။ ပြင်မကျောင်းသားများ ဝင်ခွင့်ကတ်ပြုလုပ်၍ ဝင်ရောက်လေ့လာနိုင်သည်၊ စာကြည့်နိုင်သည်။

၅။ **#ဗီဇာလျှောက်ထားခြင်းနှင့်အခြားလိုအပ်ချက်များ**

(က) **#ဗီဇာလျှောက်ထားခြင်း**။ ဗီဇာကိစ္စကို အချက်အလက်ဖြည့်ပြီး ကျန်သောကိစ္စအဝဝကို တက္ကသိုလ်မှ စီစဉ်သည်၊ ဗီဇာရလျှင် ပတ်စ်ပို့စာအုပ်သွားထုတ်ရုံဖြစ်သည်။

(ခ) **#ဘွဲ့လက်မှတ်စာရွက်မှတ်တမ်းများ**။ ဤတက္ကသိုလ်၌ MA, MPhil, PhD အတန်းတို့ကိုသာ လျှောက်လေ့ရှိသည်၊ ယင်းတို့အတွက် မိမိ၏ BA, MA, MPhil ဘွဲ့လက်မှတ်၊ အမှတ်စာရင်း၊ ကျောင်းပြောင်းထောက်ခံစာ၊ နိုင်ငံကူးလက်မှတ် (Passport)၊ သာသနာဝင်ကဒ် (မှတ်ပုံတင်)၊ ရဲစခန်းထောက်ခံစာတို့ကို မူရင်းနှင့်မိတ္တူလိုအပ်သည်၊ မြန်မာဘာသာစာရွက်မှတ်တမ်းများကိုမူ နိုထရီ/အင်္ဂလိပ်ဘာသာပြန်ပေးရမည်။

(ဂ) **#ကျောင်းခေါ်ချိန်**။ MA အတန်းတို့ကို နှစ်ဝက်မှစခေါ်ယူလေ့ရှိသည်၊ စာရင်းသွင်းပြီးလျှင် ကျောင်းဖွင့်ခါနီး အင်တာဗျူးဖြေရှိပါသည်၊ MPhil, PhD အတန်းတို့ကိုလည်း အချိန်သတ်မှတ်၍ လျှောက်လွှာခေါ်သည်၊ ယင်းအတွက် သုတေသနအဆိုပြုလွှာ ၂ မျက်နှာခန့်တင် သွင်းပြီး ဆိုင်ရာဆရာများက အကဲဖြတ်အတည်ပြုပေးသည်။

၆။ **#ဘွဲ့**၏တရားဝင်မှုနှင့် အခွင့်အလမ်းများ

ဤတက္ကသိုလ်သည် အစိုးရတက္ကသိုလ်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံ၌ ထိပ်တန်းစာရင်းဝင်တက္ကသိုလ် ဖြစ်သည်၊ နိုင်ငံတကာအသိအမှတ်ပြုအခွင့်အလန်းမြင့်မားသည်။ ဆေးဘက်ဆိုင်ရာ၊ အိုင်တီနည်းပညာ ဆိုင်ရာ၊ အနုပညာဖန်တီးခြင်း၊ ဥပဒေပညာရပ်၊ သဘာဝနှင့်လူမှုရေးသိပ္ပံနယ်ပယ်တို့၌ ထင်ရှားသော တက္ကသိုလ် ဖြစ်သည်၊ အငြိမ်းစားပါမောက္ခဖြစ်ကြသော ဆရာကြီး Y. Karunadasa, Asanga, G.P. Malalasekera

တို့ကျက်စားရာအရပ်ဖြစ်၍ ဗုဒ္ဓစာပေဘွဲ့ရရှိသူများသည် ပညာရပ်နယ်ပယ်အသီးအသီး:တို့၌ အခွင့်အလမ်းပွင့်ထွန်းနေမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**Colombo မိတ်ဆက်**

### 📞 Colombo သို့ဆက်သွယ်ရန်

1. Tel: +94 112 586 432/ +94 112 081227
2. **ucr@cmb.ac.lk**
3. Web: **https://cmb.ac.lk/**




## ၄။ NIIBS

**Nagananda International Institute for Buddhist Studies**

### ၁။ တက္ကသိုလ်အကြောင်း အကျဉ်းချုပ် မိတ်ဆက်ခြင်း (Brief Introduction)

အပြည်ပြည်ဆိုင်ရာ နာဂါနန္ဒဗုဒ္ဓတက္ကသိုလ် (NIIBS) သည်ကိုလံဘိုမြို့ ကလျာဏီသိမ်၏ အရှေ့ဘက် ၄.၃ ကီလိုမီတာကွာဝေးသော ဘိုလေဂလ (Bollegala) အရပ်တွင် တည်ရှိပါသည်။ တက္ကသိုလ်အကျယ်အဝန်းမှာ ဧက ၄၀ ရှိပါသည်။

နာဂါနန္ဒဗုဒ္ဓတက္ကသိုလ်အဖြစ် သန္ဓေတည်မည့် မနေလ်ဝတ္တ(Manelwatta) ဝိဟာရကို နိုင်ငံတကာအဆင့်မီဗုဒ္ဓစာပေများဆည်းပူးနိုင်ရန်နှင့် ခေတ်သစ်ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များကိုဖြည့်ဆည်းထောက်ပံ့ပေးသော ပညာရပ်ဝန်းကျင်အဖြစ်အကောင်အထည်ဖော်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် သီရိလင်္ကာနိုင်ငံ၏ ဒုတိယမြောက် သမ္မတ ဂျူယေဝါဒေနေ (Junius Richard Jayewardene) နှင့် ဇနီးတို့က ၁၉၆၂-ခုနှစ်တွင် ဝေလိဝိတသံဃရာဇာကျောင်း (Welivita Sangaraja Temple) ကိုသံဃာများ ရှေ့မှောက်၌

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

စာချုပ်စာတမ်းများနှင့်တကွဗုဒ္ဓသာသနာအား လှူဒါန်းခဲ့သည်။ သာသနာရေးဆိုင်ရာများဆောင်ရွက်နိုင်ရန် ဤကျောင်းတော်ကို ဆရာတော် ဘဒ္ဒန္တဓမ္မကိတ္တိ (Ven.Kandakkaliye Dhamma-Kitthi) အား မလ်ဝတ္တဂိုဏ်း (Malwatta Cahpter)မှ တာဝန်အပ်နှင်းခဲ့သည်။ ဆရာတော်ကြီးသည် ကျောင်းတော်ကို ဆက်လက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိစဉ် ကျန်းမာရေး မကောင်းသောကြောင့် ထိုင်ဝမ်နိုင်ငံတွင် သီတင်းသုံးနေသောဆရာတော် ဘဒ္ဒန္တ စန္ဒိမာ (Ven.Dr.Bodagama Chandima)အား အလှူရှင်၏ဆန္ဒကို ဆက်လက်အကောင်ထည်ဖော်ရန်ကျောင်းတော်ကို လွှဲပြောင်းတာဝန်ပေးအပ်ခဲ့သည်။

ဤတက္ကသိုလ်ကို ၂၀၁၃-ခုနှစ်၊ ဇွန်လ (၂၂)ရက်နေ့တွင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာဦးဆောင်၍ သြစတြေးလျနိုင်ငံ၊Pure Land Buddhist Education Centre ၏ အဓိပတိဖြစ်သောVen.Prof. Ching Kung လွှတ်တော်ဥက္ကဋ္ဌ Hon. Chamal Rajapaksha နှင့် ပညာရေးဝန်ကြီး Hon. S.B. Dissanayake တို့အုတ်မြစ်ချဖွင့်လှစ်ပေးခဲ့သည်။ ဤတက္ကသိုလ်ကိုတည်ထောင်ဖွင့်လှစ်နိုင်ရန် ငွေကြေး ထောက်ပံ့မှုအပိုင်းကိုVen.Prof. Ching Kung က တာဝန်ယူ၍ အကောင်အထည် ဖော်မှုအပိုင်းကို ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ဦးစီးဆောင်ရွက်သည်။ (လက်ာတမန်မဂ္ဂဇင်း, ၂၀၂၄)

## ၂။ ပညာရေးနှင့် သင်ကြားရေး (Academics & Curriculum)

NIIBS တွင် Faculties (4) ခုရှိပါသည်။

1. Faculty of Graduate Studies

2. Faculty of Buddhist Studies

3. Faculty of Humanities and Social Sciences

4. School of Information Communication Technology

တို့ဖြစ်သည်။

အထက်ပါ (၄) ခုအနက် မြန်မာကျောင်းသားများသည် Faculty of Graduate Studies နှင့် Faculty of Buddhist Studies ဌာနတွင်အများဆုံး တက်ရောက်ကြသည်။ NIIBS တွင်သင်ယူလေ့လာနိုင်သော အတန်းများကို English, Sinhala ၂-ဘာသာဖြင့်သင်ကြား၍ Certificate Programmes မှစတင်ကာ Postgraduate Programmes အထိ သင်ယူလေ့လာနိုင်သော ဘာသာရပ်များစွာရှိသည့်အနက် English Medium ဖြင့်သင်ကြားပြီး မြန်မာကျောင်းသားအများစု လေ့လာနိုင်သော Program များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Certificate Programmes**

1. English Through Buddhism (30 Weeks, Fee $220)

2. Certificate Course in Basic English (6 Months, Fee $180)

Diploma Programmes

1. Diploma in English (1 Year, Fee $ 270)

**Undergraduate Programmes**

1. Bachelor of Arts (General) in Buddhist Studies (3 Years, Fee $ 500 per year)

2. Bachelor of Arts (Hons) in Buddhist Studies (4 Years, Fee $ 500 per year)

Postgraduate Programmes

1. Postgraduate Diploma in Buddhist Studies (1 Year, Fee $ 350)

2. Master of Arts in Buddhist Studies (1 Year, Fee $ 500)

3. Master of Philosophy in Buddhist Studies (2 Year, Fee $ 1100)

4. Doctor of Philosophy in Buddhist Studies (3 Year, Fee $ 1500)

English Through Buddhism အတန်းသည် Buddhist Studies နှင့်အကွ အင်္ဂလိပ်စာအတွက်ပါ အထောက်အပံ့ ဖြစ်စေရန်ရည်ရွယ်၍ Emeritus Prof. Asanga Tilakaratne ဦးဆောင်ကာ သင်ကြားသော သင်တန်းဖြစ်သည်။ တစ်ပတ်လျှင် တစ်ရက်သင်ကြား၍၊ သင်ကြားချိန် အပတ်စဉ်

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

(၃၀) ရှိပါသည်။ Buddhist Studies နှင့်ပတ်သက်၍ ဘွဲ့လွန်တက်နေသော ကျောင်းသားများ တက်ရောက်နိုင်ပါသည်။

Diploma in English အတန်းသည် အင်္ဂလိပ်စာ Four Skill ကို အထူးပြု၍ သင်ကြားသော အတန်းဖြစ်သည်။ ဤသင်တန်းအတွက် The General Certificate of Education Advanced Level (A/L) အောင်မြင်ထားသူများ၊ ဓမ္မာစရိယအောင်မြင်ထားသူများ တက်ရောက်နိုင်ပါသည်။

Bachelor of Arts (General) in Buddhist Studies အတန်း၌ တစ်နှစ်လျှင် Semester (၂) ခုဖြင့် သုံးနှစ်အတွက် Semester (၆) ခု သင်ယူရသည်။ First year, first semester တွင် ဘာသာရပ် (၇)ခု, second semester တွင် ဘာသာရပ်(၆) ခု, second year, first and second semester တွင် ဘာသာရပ်(၈) ခု, third year, first and second semester တွင် ဘာသာရပ်(၇) ခု တို့ကို သင်ယူရသည်။

Bachelor of Arts (Hons.) in Buddhist Studies အတန်း၌ တစ်နှစ်လျှင် Semester (၂) ခုဖြင့် လေးနှစ်အတွက် Semester (၈) ခု သင်ယူရသည်။ First year, first semester တွင် ဘာသာရပ် (၇)ခု, second semester တွင် ဘာသာရပ်(၆) ခု, Second year, first and second semester တွင် ဘာသာရပ်(၈) ခု, Third year, first and second semester တွင် ဘာသာရပ်(၇) ခု, Fourth year, first semester တွင် ဘာသာရပ် (၆) ခု, second semester တွင်ဘာသာရပ် (၅) ခု တို့ကို သင်ယူရသည်။ ဘာသာရပ်တစ်ခုခြင်းစီ အတွက် အဆိုင်းမန့်တစ်စောင်စီတင်သွင်းရ၍၊Semester တစ်ခုပြီးတိုင်း စာမေးပွဲ တစ်ကြိမ်ဖြေဆိုရသည်။ ဤသင်တန်းအတွက် The General Certificate of EducationAdvanced Level (A/L) အောင်မြင်ထားသူများ၊ ပထမကြီးတန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

Postgraduate Diploma in Buddhist Studies အတန်းသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘီအေ ဘွဲ့ရရှိပြီး Buddhist Studies နယ်ပယ်တွင် MPhil, PhD. ဆက်လက်တက်ရောက်လိုသော ကျောင်းသားများအတွက် ရည်ရွယ်ပါသည်။ ဤအတန်းတွင်

ဘာသာရပ် (၅) ခုသင်ယူရပြီး၊ တစ်ဘာသာလျှင် အဆိုင်းမန့် တစ်စောင်စီ တင်သွင်း၍၊ တစ်ဘာသာလျှင် စာသင်ကြားချိန် နာရီ (၃၀) ရှိပါသည်။ နောက်ဆုံးစာမေးပွဲဖြေဆိုရပါသည်။

ဤသင်တန်းအတွက် ဝင်ခွင့်လျှောက်ထားသူများသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိထားသူ၊ Faculty Board of the Institute မှ အသိအမှတ်ပြု လက်ခံနိုင်သော အရည်အချင်း တစ်ခုခုရရှိထားသူဖြစ်ရမည်။

Master of Arts in Buddhist Studies အတန်းတွင် ဘာသာရပ် (၆) ခု သင်ယူရပြီး၊ တစ်ဘာသာလျှင် အဆိုင်းမန့် တစ်စောင်စီ တင်သွင်း၍၊ တစ်ဘာသာလျှင် စာသင်ကြားချိန် နာရီ (၃၀) ရှိပါသည်။ နောက်ဆုံးစာမေးပွဲဖြေဆိုရပါသည်။ စာမေးပွဲပြီးသောအခါ စာလုံးရေ (၅၀၀၀) ခန့် ကျမ်းစာတစ်စောင် ဆက်လက်တင်သွင်းရပါသည်။ ဤအတန်းအတွက် ဝင်ခွင့်လျှောက်ထားသူများသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘီအေဘွဲ့တစ်ခုခု ရရှိထားသူ၊ Postgraduate Diploma in Buddhist Studies ရရှိထားသူ၊ Faculty Board of the Institute မှ အသိအမှတ်ပြု လက်ခံနိုင်သော အရည်အချင်း တစ်ခုခုရရှိထားသူဖြစ်ရမည်။

MPhil နှင့် Ph.D. တန်းများကို တစ်နှစ်ပတ်လုံး ကျောင်းအပ်နိုင်သည်။ ကျောင်းအပ်သောပုံစံမှာ မိမိရေးသားမည့်ကျမ်းခေါင်းစဉ်ကို မိမိနှစ်သက်ရာ (သို့) မိမိရေးသားမည့်ကျမ်းနှင့် သက်ဆိုင်သော စူပါဗိုက်ဆာနှင့်တိုင်ပင်၍ MPhil နှင့် Ph.D.တန်းအတွက် လျှောက်လွှာတင်နိုင်သည်။ ကျမ်းခေါင်းစဉ် အတည်ပြုဖို့ရန်အတွက် မိမိ၏စူပါဗိုက်ဆာနှင့် ဆွေးနွေးမှု၊ တက္ကသိုလ်ဘုတ်အဖွဲ့၏ အတည်ပြုမှု အပေါ်မူတည်၍ အနည်းဆုံး (၁) လ မှ (၈) လ ခန့်အထိ ကြာမြင့်နိုင်သည်။ ကျမ်းခေါင်းစဉ် အတည်ပြုပြီးနောက် (၃) လအတွင်း ပရိုပိုဆယ်ရေး၍ First Presentation ပြုလုပ်ဖို့ရန် လျှောက်လွှာတင်နိုင်ပြီဖြစ်သည်။

M.Phil မှ Ph.D. သို့ Upgrade ပြုလုပ်လိုသော ကျောင်းသားများသည် မိမိရေးသားသောကျမ်း၏ 40% ခန့်ပြီးစီးပါက (၁၂) လမှ (၁၈) လအတွင်း ကျမ်းကြီးကြပ်သူများ၏ ထောက်ခံချက်ဖြင့် Upgrade

Presentation ပြုလုပ်နိုင်သည်။ ထို့နောက် သတ်မှတ်ချိန်ကာလအတွင်း Final Presentation and Viva စသည်ဖြင့် အဆင့်ဆင့် ပြုလုပ်သွားရန်ဖြစ်သည်။ MPhil, Ph.D. ကျောင်းသားများသည် (၆) လလျှင် တစ်ကြိမ် ကျမ်းကြီးကြပ်သူ၏ ထောက်ခံချက်ဖြင့် Progress Report တင်သွင်းရလေသည်။

M.Phil တန်း အတွက် သင်တန်းကြေးသည်

Course Fee $700,

Registration Fee $200 (per year) စုစုပေါင်း (2-Years အတွက်) $1100 ဖြစ်ပါသည်။ ဤအတန်းအတွက် ဝင်ခွင့်လျှောက်ထားသူ များသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ အမ်အေဘွဲ့တစ်ခုခု ရရှိထားသူ၊ ဘီအေတန်းတွင် First or Second Class ဖြင့်အောင်မြင်ထားသူများ လျှောက်ထား တက်ရောက်နိုင်သည်။

Ph.D. တန်း အတွက် သင်တန်းကြေးသည်

Course Fee $900,

Registration Fee $200 (per year) စုစုပေါင်း (3-Years အတွက်)$1500 ဖြစ်ပါသည်။ M.Phil တန်းမှစတက်၍ Ph.D. သို့ Upgrade ပြုလုပ်ကာ Ph.D. အတန်းပြီးဆုံးသည့်တိုင် ကျမ်းရေးသားမည့်ကျောင်းသားများအတွက်လည်း သင်တန်းကြေးသည် ထို့အတူ စုစုပေါင်း $1500 ဖြစ်ပါသည်။ ဤအတန်းအတွက် ဝင်ခွင့်လျှောက်ထားသူ များသည် အစိုးရအသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဗုဒ္ဓဘာသာဆိုင်ရာ M.A (Two Years) ဘွဲ့တစ်ခုခု ရရှိထားသူ၊ ဗုဒ္ဓဘာသာနှင့်စပ်ဆက်သော MPhil ဘွဲ့တစ်ခုခု ရရှိထားပြီးသူများ လျှောက်ထားတက်ရောက်နိုင်သည်။

**၃။ ကျောင်းလျှောက်ရာတွင် လိုအပ်သော စာရွက်စာတမ်းများ**

1. Pathama Gyi Certificate and Passed Marks (Notary) (for B.A. applicants)

• B.A or Dhammacariya Degree and Passed Marks (Notary) (for M.A. candidates)

• M.A Degree (for MPhil candidates)

• M.A (Two Years) or MPhil Degree (for PhD candidates)

2. Passport Copy

3. Passport Photos (2 Photos)

4. Ordination Certificate (for B.A. applicants)

5. Religious Scrutiny Card

6. Police Recommendation Letter

**၄။ နေထိုင်မှုနှင့် ကျောင်းသား အထောက်အပံ့ (Accommodation & Student Support)**

B.A တန်းတက်ရောက်နေသော (သို့) တက်ရောက်လိုသော မြန်မာ ကျောင်းသားများသည် တက္ကသိုလ်တွင် (နေထိုင်လိုပါက) နေထိုင်ခွင့်ရှိပြီး၊ အဆောင်နေစရိတ် နှင့် စားစရိတ် တို့ကို တက္ကသိုလ်မှ ထောက်ပံ့ပေးပါသည်။ ထို့အပြင် B.A တန်းတက်ရောက်နေသော (သို့) တက်ရောက်လိုသော သီလရှင်ဆရာလေးများ အတွက် ကျောင်းစရိတ်၊ နေထိုင်စရိတ်၊ စားစရိတ် စသည်တို့ကို (Full Scholarship အနေဖြင့်) တက္ကသိုလ်မှ ထောက်ပံ့ပေးသည်။

M.A တန်းတက်ရောက်နေသော (သို့) တက်ရောက်လိုသော သီလရှင်ဆရာလေးများ / လူပုဂ္ဂိုလ်များ အနေဖြင့် တက္ကသိုလ်တွင် (နေထိုင်လိုပါက) နေထိုင်ခွင့်ရှိပြီး၊ တစ်လလျှင် ရူပီး (၁၀၀၀၀) ပေးဆောင်၍ နေထိုင်နိုင်ပါသည်။

NIIBS ၌ ပညာသင်ကြားနေသော ကျောင်းသားများသည်တက္ကသိုလ်ကန်တင်းတွင် အရုဏ် နှင့် နေ့ဆွမ်း/ထမင်း (အခမဲ့) သုံးဆောင်နိုင်သည်။

မြန်မာကျောင်းသား ရဟန်းတော်များနှင့် သီလရှင် ဆရာလေးများ အနေဖြင့် NIIBS တွင် ကျောင်းတက်လိုပါက မိမိတက်ရောက်လိုသော အတန်း၏ ဈေးနှုန်းနှင့် အချက်အလက်များကို ဤတက္ကသိုလ်တွင် တက်ရောက်နေသော ကျောင်းသားများထံ (သို့) စီနီယာများထံတွင် ဦးစွာစုံစမ်းမေးမြန်း၍ ကျောင်းအပ်သော ကိစ္စရပ်များကို အဆင့်ဆင့် ပြုလုပ်နိုင်ပါသည်။

ဤတက္ကသိုလ်နှင့်ပတ်သက်၍ သတင်းအချက်အလက် အပြည့်အစုံကို **[http://www.niibs.lk/](http://www.niibs.lk/)** တွင်လည်း ဝင်ရောက်ဖတ်ရှု လေ့လာနိုင်ပါသည်။ (အထက်ဖော်ပြပါ အချက်အလက်များကို တက္ကသိုလ်ဝက်ဆိုက်၊ Student Handbook 2025-2026 (Faculty of Graduate Studies) နှင့် တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား/သူ များထံမှ သတင်းအချက်အလက်များ ရယူ၍ စုစည်းတင်ပြလိုက်ခြင်း ဖြစ်ပါသည်။)

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**NIIBS မိတ်ဆက်**

📞 **NIIBS သို့ ဆက်သွယ်ရန်**

1. Tel: +94 11 2904 666
2. Email: info@niibs.edu.lk
3. Web: **https://niibs.lk/**

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025




ဖ

## ၅။ BUSL

**Bhiksu University of Sri Lanka, Anuradhapura**

သီရိလင်္ကာနိုင်ငံ၊ အနုရာဓပူရ မြို့အနီးရှိ သဘာဝအလှတရားများနှင့် ပြည့်စုံသော ဘိက္ခုတက္ကသိုလ် (Bhiksu University of Sri Lanka, Anuradhapura) ၏ ဗုဒ္ဓဘာသာပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို တက်ရောက်ရန် စိတ်ဝင်စားသော ရဟန်းတော်များနှင့် ကျောင်းသားများအတွက် အောက်ပါ အချက်အလက်များကို စုစည်း တင်ပြပေးလိုက်ပါသည်။

ဘွဲ့လွန်၊ ပြင်ပဘွဲ့နှင့် တိုးချဲ့သင်တန်းများဌာန (Unit of Postgraduate, External Degrees & Extension Courses – (UPEDEC)) သည် ဗုဒ္ဓဘာသာလေ့လာရေးကို တိုးတက်မြှင့်တင်ပြီး ပိုမိုပြည့်စုံစေရန် ရည်ရွယ်၍ MA၊ MPhil နှင့် PhDတန်း သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကို ဖွင့်လှစ်ပါသည်။ ယင်းအတန်းများဖြင့် ကျောင်းသားများအား သုတေသနလုပ်ငန်းအတွက် လိုအပ်သော စံနှုန်းများကို ရရှိနိုင်စေရန် လမ်းညွှန်ပေးလျက်ရှိပါသည်။

အဆိုပါဌာနသည် ဘွဲ့လွန်သင်တန်းများအပြင် ပြင်ပBAဘွဲ့ (External) ကိုလည်း ပေးအပ်လျက်ရှိပြီး၊ ဗုဒ္ဓဘာသာလေ့လာရေး ဒီပလိုမာတန်း၊ အင်္ဂလိပ်ဘာသာ ဒီပလိုမာတန်း၊ တမီးလ်ဘာသာ

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

ဒီပလိုမာတန်း၊ ဗေဒင်ပညာအဆင့်မြင့်သင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်း၊ တမီးလ်ဘာသာ သင်တန်းနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) သင်တန်းများကို ရဟန်းရှင်လူကျောင်းသားများအတွက် တက်ရောက်နိုင်ရန် စီစဉ်ပေးလျက်ရှိပါသည်။

## ၁။ တက္ကသိုလ်အကြောင်း အကျဉ်းချုပ်

**(က)** တက္ကသိုလ်၏ အမည်အပြည့်အစုံမှာ Bhiksu University of Sri Lanka, Anuradhapura ဖြစ်ပြီး အတိုကောက် BUSL ဟု ခေါ်ဆိုကြသည်။ သီရိလင်္ကာနိုင်ငံ၏ အကြီးဆုံးသော တက္ကသိုလ်များထဲမှ အစိုးရ အသိအမှတ်ပြု UGC အထောက်အပံ့ရ တက္ကသိုလ်တစ်ခုဖြစ်သည်။ Academic နှင့် Non-academic staff ပေါင်း ၁၅၀ ကျော်, ပညာရေးဌာနကြီး ၄ ခု နှင့် အတွင်း အပြင် ကျောင်းသားပေါင်း ၁၀၀၀ ကျော်တို့ကို စုစုပေါင်း ဘာသာရပ် ၂၃ ခုတို့ သင်ကြားပေး၍ လည်ပတ်နေသော တက္ကသိုလ်တစ်ခုဖြစ်သည်။

တက္ကသိုလ်စာကြည့်တိုက်သည် ဗုဒ္ဓဘာသာနှင့် အထူးသက်ဆိုင်သော အရင်းအမြစ်စာတမ်းများကို အများအပြား ပိုင်ဆိုင်ထားပြီး ခေတ်မီအထောက်အကူပြု အဆောက်အအုံများဖြင့် ပြည့်စုံလျက်ရှိပါသည်။ ထို့အပြင် အထွေထွေဘာသာရပ်များ၊ ဒဿနပညာနှင့် စိတ်ပညာ၊ ဘာသာရေး၊ လူမှုရေးသိပ္ပံများ၊ ဘာသာစကားများ၊ သမိုင်းနှင့် သုတေသနအမွေအနှစ် ဗိသုကာဆိုင်ရာ စာအုပ်များကိုလည်း ရရှိနိုင်ပါသည်။ စာကြည့်တိုက်၏ အပေါ်ဆုံးထပ် တစ်ထပ်လုံးကို တိတ်ဆိတ်သော **Meditation Hall** အဖြစ် ထားရှိပါသည်။

စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပညာရေးညီလာခံများကိုလည်း နှစ်စဉ်ကျင်းပပြုလုပ်ပေးလေ့ရှိသည်။

**(ခ) သမိုင်းအကျဉ်းနှင့် တည်ထောင်ခုနှစ်**

မူလအစ ၁၉၉၆ ခုနှစ် တွင် "ဗုဒ္ဓသာဝက ရဟန်းတော်များ တက္ကသိုလ်" Buddhasravaka Bhiksu University အမည်နှင့် စတင်ခဲ့ပါသည်။ ထို့နောက် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် အနုရာဓပူရ မဟာမေဃဝန ပန်းခြံ၌ တရားဝင် လည်ပတ်မှုကို စတင်ခဲ့သည်။ 1998 ဇူလိုင်လမှာ အစဆုံးအနေနဲ့ ကျောင်းသားများအဖွဲ့ (the first batch of students) ကို စုဆောင်းဖွဲ့စည်းခဲ့ကြပါတယ်။ ထိုအခါက the only national University အဖြစ်သာ ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် Bhiksu University of Sri Lanka ဟု အမည်ပြောင်းလဲခဲ့သည်။ နောက်ပိုင်းတွင် နေရာကိုလည်း ကျောင်းအဆောက်အဦးတိုးချဲ့ရန်လိုအပ်မှုများကြောင့် မြို့ပြဒေသ,ယခုလက်ရှိနေရာသို့ ပြောင်းရွှေ့တည်ထားခဲ့သည်။

ယင်းနေရာမှာ သီရိမ္မာသောက မဟာရာဇာကြီးရဲ့သားတော် အရှင်မဟိန္ဒမထေရ်တို့ ဗုဒ္ဓသာသနာကို စတင်မွေးဖွားပေးခဲ့သော သီရိလင်္ကာ၏ ပထမဆုံးမြို့တော်ဟောင်း မြို့တော်ကောင်းကြီးဖြစ်ခဲ့သော နေရာဟု ဆိုလျှင်လည်း မှားမည်မထင်ပါ။ ယခုလက်ရှိ သီရိလင်္ကာနိုင်ငံ၏မြို့တော် Colombo မှ Anuradhapura သို့ ကားဖြင့် ၅ နာရီကြာ သွားရပါသည်။ 200 km ကျော်ရှိသာ ဝေးပါသည်။ မိုင်အားဖြင့် အနီးစပ်ဆုံး ၁၂၄ မိုင်ခန့်ရှိပါသည်။

**(ဂ) တည်နေရာ/လိပ်စာနှင့် ပတ်ဝန်းကျင်** - လိပ်စာမှာ – Bhiksu University, Puttalam Road, Auradhapura, North Central Province, Sri Lanka ဖြစ်ပါသည်။ ဘေးတစ်ဖက်တချက်စီတွင် လယ်ကွင်းပြင် စမ်းချောင်းကြီးများ ရှိပြီး တက္ကသိုလ်ဝင်းအတွင်းတွင်လည်း စိမ်းစိုသော အပင်ကြီးများ စမ်းချောင်းငယ် နှင့် အရိပ်ကောင်း နေရာတစ်ခုလည်းဖြစ်ပါသည်။ ဤတက္ကသိုလ်နှင့်ပတ်သက်သော အကြောင်းအရာများကို အပြည့်အစုံသိလိုပါက Bhiksu website ဖြစ်သော https://busl.ac.lk တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။

**(ဃ) အဓိက ရည်မှန်းချက် (Mission/Vision)** –

"ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်မီသော အဆင့်မြင့် ပညာရေး၏ ထူးချွန်သော ဗဟိုဌာနတစ်ခု ဖြစ်ရန်" နှင့် "သီရိလင်္ကာနိုင်ငံ၏ အပြည့်စုံဆုံး တက္ကသိုလ်" ဖြစ်ရန် ရည်မှန်းထားပါသည်။

တက္ကသိုလ်အက်ဥပဒေနှင့် ခေါင်းဆောင်များ၏ ရည်ရွယ်ချက်အရ—

-ဘိက္ခုကျောင်းသားများကို ဘုရားရှင်၏ ဓမ္မတရားများ၌ လေ့ကျင့်သင်ကြားပေးခြင်း

-ဗုဒ္ဓဘာသာ ဘာဝနာတရားလေ့ကျင့်မှု (Meditation), သုတေသန (research) နှင့် လေ့ကျင့်သင်ကြားမှုများကို လှုံ့ဆော်မြှင့်တင်ပေးခြင်း

-သီရိလင်္ကာတွင်သာမက နိုင်ငံတကာတွင်လည်း Theravada Buddhism ကို ပြန့်နှံ့တိုးပွားလာစေရန် ဘိက္ခုများကို သင်ကြားပေးခြင်း

-ဗုဒ္ဓဘာသာနှင့်ဆက်စပ်သည့် သုတေသနများကို ကျယ်ပြန့်စွာ လေ့လာဆောင်ရွက်နိုင်ရန် တိုက်တွန်းပေးခြင်း

-ဗုဒ္ဓယဉ်ကျေးမှုနှင့် ၎င်း၏ တန်ဖိုးများကို ထိန်းသိမ်းကာ မြှင့်တင်တိုးတက်အောင် ပြုလုပ်ပေးခြင်း တို့ ဖြစ်ပါသည်။

**၂။ ပညာရေးနှင့် သင်ကြားရေး (Academics & Curriculum)**

**(က)** တက်ရောက်နိုင်သော အတန်းများ၊ သင်တန်းကာလများနှင့် ဘာသာရပ်များ

၁။ Bachelor of Arts - ၃ နှစ်၊ (Internal)

၂။ Master of Arts (M.A.) - ၁ နှစ် (Internal)

၃။ **Master of Arts (M.A.) - (သုတေသန ကျမ်းရေး)*

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

၄။ Master of Philosophy (M.Phil.) - ၂ နှစ် (သုတေသန ကျမ်းရေး) (External)

၅။ Doctor of Philosophy (Ph.D.) - ၃ နှစ် (သုတေသန ကျမ်းရေး) (External)

* သင်ကြားရေးစနစ်များမှာ အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပေးပါသည်။

* တစ်နှစ်တာသင်ကြားရေး အစီအစဉ် - စာသင်နှစ်ကို Semester များဖြင့် ပိုင်းခြားထားပြီး Coursework များ၊ Assignment များ, Oral Presentation များနှင့် သုတေသနကျမ်း (Proposal, Thesis) တို့ ပါဝင်ပါသည်။

* Coursework တွင် သင်ကြားပေးသော ဘာသာရပ်များ - Buddhist Studies, Pali, Sanskrit, Philosophy, English, Education, Religious and Cultural Studies စသော ဘာသာရပ်များကို ရွေးချယ်နိုင်ပါသည်။ သင်ရိုးညွှန်းတမ်းကိုတော့ သက်ဆိုင်ရာ Board of Study က သတ်မှတ်ပါသည်။

**ပညာရေး မဟာဌာန ၂ခု (The Faculty of Buddhist Studies, and The Faculty of Languages & Cultural Studies)**

1. **The Faculty of Buddhist Studies** မှ ဌာနခွဲ ၂-ခု

   ၁။ The Department of Buddhist and Pali Studies (DBPS), (main section)

   ၂။ The Department of Applied Buddhist Studies (DABS),

Bachelor of Arts (**B.A**) Degree Program သည် နံပါတ် ၁ ဌာနခွဲမှာ ပါဝင်ပြီး သင်ယူလေ့လာရသည့် ဘာသာရပ်များမှာ-

(1) Buddhist Philosophy
(2) Buddhist Civilization
(3) Sinhala
(4) Pali
(5) Archeology

(6) Philosophy
(7) Psychology
(8) Education Science
(9) Sociology
(10) English
(11) History
(12) Library Science တို့ဖြစ်ကြသည်၊

ထို့ပြင် **Sanskrit** (General and Hons), **Sinhala**, **English** (General) ဒီသုံးဘာသာကို တက္ကသိုလ်တည်ထောင်စကတည်းက ပြဌာန်းခဲ့သည်။

နိုင်ငံခြား ကျောင်းသား ရဟန်းတော်များ B.A. တန်း ဝင်ခွင့်အတွက် လိုအပ်သော ပညာအရည်အချင်းနှင့် စာရွက်စာတမ်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- General Certificate of Education (GCE) ရဲ့ A-Level ကို Buddhism, Buddhist Civilization, Pali အစရှိသော ဘာသာရပ်များဖြင့်သော်လည်းကောင်း အခြားသော ဘာသာရပ်များဖြင့်သော်လည်းကောင်း အောင်မြင်ထားသည့် အောင်လက်မှတ်၊ သို့မဟုတ်
- (မြန်မာနိုင်ငံမှ) ပဌမကြီးတန်းအောင်လက်မှတ် သို့မဟုတ် အထက်တန်းအောင်လက်မှတ် သို့မဟုတ် GCE A-Level နဲ့ ညီသော ပညာအရည်အချင်းတစ်ခုခုကို သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ သံရုံးအစရှိသည်တို့မှ ထောက်ခံချက်ဖြင့်သော်လည်းကောင်း၊ သို့မဟုတ်
- ဗုဒ္ဓစာပေလေ့လာရေး ဒီပလိုမာတန်း အောင်လက်မှတ်၊ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သော ဘာသာရပ်ဆိုင်ရာ အောင်လက်မှတ်များ၊ သို့မဟုတ်
- Bhiksu University ၏ ပညာရေးဆီးနိပ်အဖွဲ့မှ ထောက်ခံချက်ဖြင့်သော်လည်းကောင်း
- B,A တန်းကို တက်ရောက်နိုင်ပါတယ်။

**Note** = အထူးမှတ်ချက်အနေနဲ့ အထက်ပါ အောင်လက်မှတ်များ ရရှိထားသော်လည်း English/ Pāli/ Sanskrit သမားများအတွက် လုံလောက်သည့် အသိပညာ (sufficient knowledge) မရှိသေးရင်ဖြင့် ကြိုတင်ပြင်ဆင်မှု သင်တန်း (Preparatory course) ကို one year တက်ကြရမည် ဖြစ်ပါသည်။

၂။ The Department of Applied Buddhist Studies (**DABS**)ဌာနမှ ပေးအပ်သည့် ဘွဲ့သင်တန်းများမှာ—

1. BA (General) in Practical Buddhist Studies

2. BA (Honours) in Buddhist Psychology and Counseling တို့ဖြစ်သည်။

ဤဌာနတွင် (Meditation)၊ (Yoga) နှင့် (Information Technology) ကဲ့သို့သော Foundational Courses များကိုလည်း ပံ့ပိုးသင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ဌာနက Buddhist Counseling Center ကို လည်ပတ်ထိန်းချုပ်လျက်ရှိပြီး၊ တက္ကသိုလ်ရှိ ကျောင်းသားများအတွက် စိတ်ပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ကို သီးခြားပေးအပ်လျက်ရှိသည်။

2. **The Faculty of Languages & Cultural Studies** အောက်မှ ဌာနခွဲတစ်ခုဖြစ်သည့် The Department of Languages ဌာနတွင် Sanskrit (General & Hons.), Sinhala, English (General) ပြဌာန်းခဲ့ပါတယ်။ ထို့အပြင် Compulsory English ဘာသာရပ်ကိုလည်း စီမံဆောင်ရွက်ပေးပါသည်။ ကျောင်းသားများ၏ တမီးလ် (Tamil), တရုတ် (Chinese), ဂျပန် (Japanese) ဘာသာများအတွက် Certificate Courses များကို ဖွင့်လှစ်ထားပါသည်။ ထို့အပြင် ကျောင်းသားများ၏ ဘာသာကျွမ်းကျင်မှု မြင့်တင်မှုကိုထောက်ပံ့ရန် လက်တွေ့စမ်းသပ်ခန်း (Language Lab) တစ်ခုကိုလည်း တည်ထောင်ထားပါတယ်။

- **Department of Social Science & Comparative Studies** ကလည်း သုတေသနပညာရပ်နှင့် ဗိသုကာပညာ၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်မှုပညာ၊ ဗုဒ္ဓစိတ်ပညာနှင့် အခြားဘာသာများကို နှိုင်းယှဉ်သင်ကြားပေးမှုများ ရှိသည်။

## ၃။ ပညာသင်စရိတ် (Fee & Expenses)

Bachelor of Arts (**B**.**A**) Degree Program

Duration – 3 years

**1st year total LKR 31,000.00**

Syllabus - LKR.1,000.00

Registration Fees for 1st Year - LKR.6,000.00

Course Fees - LKR. 20,000.00

Identity Card - LKR. 500.00

Examination Fees - LKR. 3,500.00

**2nd Year – LKR. 29,500.00**

Registration Fees for 2nd Year - LKR. 6,000.00

Course Fees - LKR. 20,000.00

Examination Fees - LKR. 3,500.00

**3rd Year - LKR. 29,500.00**

Registration Fees for 3rd Year - LKR. 6,000.00

Course Fees - LKR. 20,000.00

Examination Fees - LKR. 3,500.00

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

| | | | |
|---|---|---|---|
| **1st Year** | Syllabus<br>Registration Fees for 1st Year<br>Course Fees<br>Identity Card | LKR.1,000.00<br>LKR.6,000.00<br>LKR. 20,000.00<br>LKR. 500.00 | **LKR. 31,000.00** |

| | | | |
|---|---|---|---|
| | Examination Fees | LKR. 3,500.00 | |
| **2nd Year** | Registration Fees for 2nd Year<br>Course Fees<br>Examination Fees | LKR. 6,000.00<br>LKR. 20,000.00<br>LKR. 3,500.00 | **LKR. 29,500.00** |
| **3rd Year** | Registration Fees for 3rd Year<br>Course Fees<br>Examination Fees | LKR. 6,000.00<br>LKR. 20,000.00<br>LKR. 3,500.00 | **LKR. 29,500.00** |
| ***Total*** | | | **LKR. 90,000.00** |

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

**With and without Fees (USD) for Postgraduate Degree Programs**

| **Fees** | **MA** | **MPhil** | **PhD** |
|---|---|---|---|
| Application | 9.00 | 9.00 | 9.00 |
| Registration | 42.00 | 42.00 | 42.00 |
| Course | 305.00 | 591.00 | 915.00 |
| Exam | 130.00 | 170.00 | 250.00 |
| Library | 22.00 | 25.00 | 35.00 |
| Total fees | 508.00 | 837.00 | 1251.00 |

(**Course fees** can be paid by two installments.) **The stated fees** can be changed due to the Value / Rate of the US Dollar. Hostel fees = 1025 $ for 2 years.

Only the **course** fees, **other** academic fees, and free **hostel** facilities will **be** provided by the University for the selected Buddhist Clergy under the Scholarship program, and the cost of **living** and other **financial** supports are **not** entitled under this scholarship program.

Fees

M.A. $ 508

M.Phil. $837

Ph.D. $1251

ယခုကျောင်းကြေးများသည် 2024 လက်ရှိတက္ကသိုလ်မှ ထုတ်ပြန်ထားပါသည်။ သို့သော် တက္ကသိုလ်သည် အချိန်မရွေး Fee နှုန်းထားများကို ပြောင်းလဲနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**BUSL မိတ်ဆက်**

### 📞 BUSL သို့ဆက်သွယ်ရန်

1. Tel: +94 25-2236760/ +94 25-2236340
2. Email: Info@busl.ac.lk
3. Web: **https://busl.ac.lk/**

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025




## ၆။ BPU

**Buddhist and Pāli University of Sri Lanka**

### တက္ကသိုလ်၏ အမည်အပြည့်အစုံနှင့် အတိုကောက်

B.P.U တက္ကသိုလ်၏ နာမည်အပြည့်အစုံမှာ Buddhist and Pali University of Sri Lanka ဖြစ်သည်။

၎င်းတက္ကသိုလ်သည် သီရိလင်္ကာနိုင်ငံရှိ B.A.မြန်မာကျောင်းသား အများဆုံးတက်ရောက်ပညာသင်ကြားနေသော တက္ကသိုလ်ဖြစ်ပြီး ကား-စသော ပတ်ဝန်းကျင်ရဲ့ ဆူညံသံများကင်းဆိတ်လျက် ဘေးပတ်ပတ်လည်တွင် လယ်ကွင်းများ၊ သစ်ပင်များဖြင့် ခြံရံလျက် သာယာစွာ ပျူငှါလောကဝတ် ပြုနေလေ၏။ တက္ကသိုလ် ဝန်းကျင်ထဲဝယ် ပန်းဥယျာဉ်၊ မြက်ခင်း၊ သစ်ပင်ကြီးငယ်များစွာဖြင့် အုံ့ဆိုင်းကာ စာပေကို မြတ်နိုးသော ကျောင်းသားများအတွက် နေရာတခုထဲ၌ ပညာအသီးအပွင့်များ ဆည်းပူးနိုင်သော တက္ကသိုလ်တစ်ခုလည်း ဖြစ်ပါသည်။

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

- **သမိုင်းအကျဉ်းနှင့် တည်ထောင်သည့်ခုနှစ်**

  ဤတက္ကသိုလ်ကို “What The Buddha Taught” စာအုပ်ကိုရေးသားပြုစုခဲ့သော ကမ္ဘာကျော် စာရေးဆရာ ဆရာတော် ပရော်ဖက်ဆာ ဒေါက်တာ ဝါလ်ပိုလာရာဟုလာ (The Venerable Prof. Dr Walpola Sri Rahula Maha Thera) ဦးဆောင်တည်ထောင်ခဲ့ပြီး၊ ပါလီမန်ဥပဒေအမှတ် ၇၄-အရ ၁၉၈၁-ခုနှစ်တွင်အဋ္ဌမြစ်ချတည်ထောင်ပြီး ၁၉၈၂-ခုနှစ်တွင် တရားဝင်စတင်ဖွင့်လှစ်ခဲ့သည်။

- **တည်နေရာ/လိပ်စာနှင့် ပတ်ဝန်းကျင်**

  ပင်မတက္ကသိုလ်သည် ကိုလံဘိုမြို့တော်နှင့် ၂၈-ကီလိုမီတာ အကွာ ဟောမဂါမမြို့နယ်၊ ပိတိပနရွာတွင် တည်ရှိသည်။ ဘွဲ့လွန်ပညာလေ့လာရေးဌာန (Postgraduate Studies) သည် အမှတ် ၂၁၄၊ ဗောဓလောကမဝထ၊ ကိုလံဘို ၇၊ ကိုလံဘိုမြို့တွင်းတွင် တည်ရှိသည်။

- **အဓိက ရည်မှန်းချက်**

  အကောင်းဆုံးဗုဒ္ဓဘာသာ တက္ကသိုလ်ဖြစ်ဖို့ရန်၊ သီရိလင်္ကာ နှင့်ကမ္ဘာတစ်ဝှမ်းတွင် မြတ်ဗုဒ္ဓ၏အယူအဆအတွေးအခေါ်များကို အကျိုးရှိစွာ ဖြန့်ဝေနိုင်သော ပညာရှင်နှင့်ရဟန်းတော်များ၊ ပါဠိဘာသာစကား, ပါဠိနှင့်ဆက်စပ်သော ဘာသာရပ်, မြတ်စွာဘုရား၏တရားတော်များကို တတ်သိလိမ္မာကျွမ်းကျင်သော ပညာရှင်နှင့် ရဟန်းတော်များ ဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်ပါသည်။

၂၀၂၂ / ၂၀၂၃ တက္ကသိုလ် ပြဌာန်းစာအုပ်အရ ဤတက္ကသိုလ်တွင် မဟာဌာနကြီးသုံးခု ရှိပါသည်။

(၁) Faculty of Buddhist Studies

(၂) Faculty of Language Studies

(၃) Faculty of Graduate Studies တို့ဖြစ်ပါသည်။

မဟာဌာနကြီးသုံးခုအောက်တွင် ဌာနခွဲ (Department) ၁၀-ခု ရှိပါသည်။

**(၁) Faculty of Buddhist Studies** အောက်တွင် ဌာနခွဲ ငါးခု-ရှိပါသည်။

1. Department of Buddhist Philosophy
2. Department of Buddhist Culture
3. Department of Religious Studies and Comparative Philosophy
4. Computer Teaching Unit
5. Department of Archaeology

**(၂) Faculty of Language Studies** အောက်တွင် ဌာနခွဲ ခြောက်ခုရှိပါသည်။

1. Department of Pali
2. Department of Sanskrit
3. Department of Sinhala
4. Department of English
5. Department of Language Skills Development
6. Department of English Language Teaching

**(၃) Faculty of Graduate Studies (FGS)** အောက်တွင်

- Doctor of Philosophy (Ph.D.)

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

- Master of Philosophy (M.Phil.)
- Master of Arts 2 year Full time (M.A.)
- Master of Arts 1 year Full Time (M.A.)
- Post Graduate Diploma in Buddhist Studies (P.G.D)
- Diploma Courses အားဖြင့် programmes များစွာ-ရှိပါသည်။

**၁။ ပညာရေးနှင့် သင်ကြားရေး (Academics & Curriculum)**

- **တက်ရောက်နိုင်သော ဘာသာရပ်များ။**
- **ဗုဒ္ဓဘာသာဆိုင်ရာလေ့လာရေး (Buddhist Studies):**

    1. Buddhist Philosophy
    2. Buddhist Psychology & counselling
    3. Buddhist Culture
    4. Buddhist Social Work
    5. Religious Studies & Comparative Phylosophy
    6. Archeology

- **ဘာသာစကားဆိုင်ရာလေ့လာရေး (Language Studies):**

    1. Pāli
    2. Sanskrit
    3. English
    4. French
    5. Hindi
    6. Korean
    7. Tamil
    8. Chinese
    9. Japanese

- **အထူးပြုလေ့လာနိုင်သောဘာသာရပ်များ (Special Subject):**

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

1. Pāli
2. English
3. Buddhist Philosophy
4. Buddhist Culture
5. Religious Studies & Comparative Philosophy
6. Archeology

- **တက်ရောက်နိုင်သောအတန်းများ။ ။**

1. **Dipaloma**:
    1. Certificate/ Advanced Certificate Course in English
    2. Diploma Course in English
    3. Higher Diploma Course in English - ၁ နှစ်
2. **Bachler of Art (B.A):**
    1. Certificate/Advanced Certificate Courses - ၂ နှစ်
    2. General Degree - ၃ နှစ်
    3. Special Degree - ၄ နှစ်
3. **Master of Art (M.A):**
    1. M.A -၁ နှစ် (ကျမ်းပြုစရာမလို)
    2. M.A - ၂ နှစ် (ကျမ်းတင်ရမည်)
4. **Master of Philosophy (M.Phil) - ၂ နှစ်**
5. **Doctor of Philosophy (Ph.D) - ၃ နှစ်**

- **သင်ကြားရေး ဘာသာစကား။ ။** အင်္ဂလိပ်၊ သီဟိုဠ်(Sinhala) နှစ်ဘာသာစလုံးဖြင့် သင်ကြားပေးပါသည်။

- **တစ်နှစ်တာသင်ကြားရေး အစီအစဉ်။ ။** စာသင်နှစ်တစ်နှစ်ကို Semester ၂-ခုဖြင့် ပိုင်းခြားထားပြီး သက်ဆိုင်ရာဘာသာရပ်များအလိုက် Assignment နှင့် Presentation များ၊ Semesterအဆုံးတွင် စာမေးပွဲဖြေဆိုခြင်း၊ B.A.(special), M.A.(Two Year), M.Phil., Ph.D

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

အတန်းများက ကျမ်းခေါင်းစဉ်တင်ခြင်း၊ သုတေသနကျမ်း (Topic, Proposal, Thesis) စသည်များပါဝင်ပါသည်။

- **၂။ နေထိုင်မှုနှင့် ကျောင်းသား အထောက်အပံ့ (Accommodation & Student Support)**

ကျောင်းသားများကို အဆောင်စီစဉ်ပေးကာ ၂-ပါးလျှင် တစ်ခန်းဖြစ်ပြီး အဆောင်အတွင်း မှာပင် မီးဖိုချောင်၊ ရေချိုးခန်း၊ စတိုခန်း၊ အိမ်သာနှင့်၊ အင်တာနက်အတွက် Wi-Fi အပြည့်အစုံ စီစဉ်ပေးပါသည်။ B.A-အတန်းအတွက်သာ အဆောင်နေထိုင်ခွင့်ရှိပြီး ကျန်အတန်းများမပါဝင်ပေ၊ နိုင်ငံခြားကျောင်းသားများ သီးသန့်နေထိုင် နိုင်ရန်အတွက် သီရိလင်္ကာအစိုးရမှ နိုင်ငံခြားအလှူရှင်များ၏ အကူအညီဖြင့် ယခုလေးထပ်အဆောင်၏ အရှေ့ဘက်တွင် ငါးထပ်အဆောင်ကြီးကိုလည်း ဆောက်လုပ်လျက်ရှိပါသည်။

- **စာကြည့်တိုက်။ ။** တက္ကသိုလ်၏ စာကြည့်တိုက်ကို ပင်မဌာနနှင့်ဌာနခွဲ ၂-ခုတည်ရှိပြီး၊ ပင်မစာကြည့်တိုက်မှာ တိပိဋကစာအုပ်ကို ဘာသာ၆-မျိုးဖြင့် ဖတ်ရှုလေ့လာနိုင်၍၊ ဗုဒ္ဓပါဠိဆိုင်ရာစာပေ၊ Sanskritဘာသာနှင့်စာပေ၊ Archeology၊ သမိုင်းဆိုင်ရာ စာအုပ်စာပေ၊ လူမှုရေးဆိုင်ရာစာအုပ်စာပေ၊ ဆင်ဟလစာအုပ်စာပေ၊ အဘိဓာန်စာအုပ်၊ စွယ်စုံကျမ်း၊ အီလက်ထရောနစ်ဆိုင်ရာစာအုပ်၊ စုစုပေါင်းစာအုပ် ၆၁၆၀၁-အထိ စီစဉ်ထားပါသည်။

- **အခြား အထောက်အပံ့များ။ ။** အင်တာနက် (Wi-Fi) တပ်ဆင်ပေးခြင်း ၊ Student foreign counseller ထားရှိပေးခြင်း၊ အရေးကြီးကျန်းမာရေးကိစ္စ လိုအပ်သောအခါ ကားစီစဉ် ပေးခြင်းစသော အထောက်အပံ့များ စီစဉ်ထားပါသည်။

- **၃။ ဗီဇာ အစီအစဉ်။ ။** ကျောင်းသားဗီဇာ လျှောက်လိုလျှင် လိုအပ်သောဖောင်စာရွက်များကို Online သို့မဟုတ် physical ပုံစံနှစ်မျိုးတို့ဖြင့် လျှောက်ထားနိုင်ပြီး၊ ကျောင်းသားခေါ်စာ ကျသောအခါ သီရိလင်္ကာသို့လာရောက်၍ တစ်လအတွင်း ဗီဇာသက်တမ်းတိုးရမည်။ သက်တမ်းတိုးရာ၌ တက္ကသိုလ်မှလိုအပ်သောဖောင်များ ဖြည့်သွင်းပြီးတိုးရပါမည်။

## ၄။ ဝင်ခွင့်နှင့် ပညာသင်ဆု (Admissions & Scholarships)

- **ဝင်ခွင့်လိုအပ်ချက်။ ။** ပထမကြိုးတန်းအောင်လက်မှတ်/ဓမ္မာစရိယအောင်လက်မှတ် (သို့) လောကီဆိုင်ရာဘွဲ့လက်မှတ် တစ်ခုခုတို့ဖြင့်လည်း ဒီပလိုမာတန်း၊ BA များကို တက်ရောက်နိုင်ပြီး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ သီတဂူကမ္ဘာ့တက္ကသိုလ်၊ ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၊ အခြားဗုဒ္ဓတက္ကသိုလ်များတို့မှ B.A ဘွဲ့ လက်မှတ်တို့ဖြင့်လည်း M.A တန်းတွင် ကျောင်းအပ် နိုင်ပါ သည်။ U.G.C.အသိအမှတ်ပြုတက္ကသိုလ်အသီးသီး၌ M.A. ပြီးဆုံးသော ကျောင်းသားများ M.Phil. တန်း၊ Ph.D.တန်းတို့ကို သင်ယူနိုင်ပါသည်။

- **လျှောက်လွှာတင်ရမည့် အချိန်။ ။** ၂၀၂၅/၂၀၂၆ပညာသင်နှစ်အတွက် Diploma-ဧပြီလ ၃၀-ရက်နေ့မတိုင်ခင်၊ B.A.- ဇွန်လ ၁၃-ရက်ကနေ ဩဂုတ်လ ၇-ရက်နေ့ထိ၊ M.A., M.Phil., Ph.D.- ဒီဇင်ဘာ ၂၉-ရက်နေ့မတိုင်ခင်ထိ သတ်မှတ်အရည်အချင်း ပြည့်မီသော ကျောင်းသားများ လျှောက်လွှာတင်နိုင်ပါသည်။ (ယခင်နှစ်များက ၁-လပိုင်းလောက်မှ ကျောင်းသားသစ်ခေါ်သော်လည်း ၂၀၂၅/၂၀၂၆-ခုနှစ်မှစ၍ ကျောင်းခေါ်ချိန်ပြောင်းလဲထား ပါသည်။)

- **လျှောက်လွှာတင်ရမည့် ပုံစံ။ ။** နိုင်ငံကူးလက်မှတ် (Passport)၊ အောင်စာရင်း၊ အမှတ်စာရင်း၊ ပြစ်မှုကင်းစင်ကြောင်း ရဲစခန်းထောက်ခံစာ (သုံးလအတွင်းသာ)-တို့ကို မြန်မာဘာသာမှ English ဘာသာပြန်ပြီး Online(သို့) သီရိလင်္ကာရှိ သူငယ်ချင်းတစ်ပါးပါး အကူအညီဖြင့် လျှောက်လွှာတင်နိုင်ပါသည်။

- **နိုင်ငံတကာဆက်ဆံရေး။ ။** စင်္ကာပူ၊ မလေးရှား-တို့၌ B.P.U. တက္ကသိုလ်ခွဲများတည်ထောင်ထားပြီး၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုးရီးယား၊ ထိုင်း-စသော နိုင်ငံတကာဆက်ဆံရေးများစွာ ရှိပါသည်။

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

**၅။ ပညာသင်ကြားခနှင့် ကုန်ကျစရိတ် (Fees & Expenses):**

B.A.ပထမနှစ် ကျောင်းသားများအတွက်

အဆောင်ကြေး USD 100၊

မှတ်ပုံတင်ကြေး USD 20၊

အတန်းကြေး USD 100၊ စုစုပေါင်း USD 220-ကုန်ကျပါသည်။

ဒုတိယနှစ် ကျောင်းသားများအတွက်

အဆောင်ကြေး USD 100၊

မှတ်ပုံတင်ကြေး USD 20၊

အတန်းကြေး USD 125၊ စုစုပေါင်း USD 245-ကုန်ကျပါသည်။

တတိယနှစ် ကျောင်းသားများအတွက်

အဆောင်ကြေး USD 100၊

မှတ်ပုံတင်ကြေး USD 20၊

အတန်းကြေး USD 175၊ စုစုပေါင်း USD 295-ကုန်ကျပါသည်။ BA သုံးနှစ်အတွင်း စုစုပေါင်း USD 760-ကုန်ကျပါသည်၊

Special ကျောင်းသားများအတွက် USD 1055- ကုန်ကျပါသည်။

Diploma-တန်းအတွက် RS. 42,000၊

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

M.A. ၁-နှစ်တန်းအတွက် USD 555၊ ၂-နှစ်တန်းအတွက် USD 705၊

M.Phil.တန်းအတွက် USD 1305၊

Ph.D.တန်းအတွက် USD 1755၊ တို့အသီးသီးကုန်ကျပါ သည်။

**၆။ ဘွဲ့ရပြီး အခွင့်အလမ်း (Post-Graduate Opportunities)။** ။ ဤတက္ကသိုလ်သည် အစိုးရတက္ကသိုလ်ဖြစ်သည့်အတွက် နိုင်ငံတကာ အသိအမှတ်ပြု အခွင့်အလမ်းများစွာ ရှိပါသည်။ BPUတက္ကသိုလ်တွင် မိမိကြိုးစားလျှင် ကြိုးစားနိုင်သလောက် အခွင့်အရေးများ ပေါ်များလှသည်။ B.A.(Special) ကျောင်းသားများက First & Second Classဖြင့် စာမေးပွဲအောင်လျှင် M.Phil. အတန်းကို တိုက်ရိုက်သင်ယူနိုင်ပြီး၊ ဟောင်ကောင်၊ အမေရိကန်-စသောနိုင်ငံခြား တက္ကသိုလ်များသို့ ပညာသင်ခွင့် လျှောက်ထားနိုင်သည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**BPU မိတ်ဆက်**

**📞 BPU သို့ဆက်သွယ်ရန်**

1. Tel: +94-11-2891731/ +94-11-2892333
2. Email: mail@bpu.ac.lk
3. Web: **http://www.bpu.ac.lk/**

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025




## ၃။ USJ

**University of Sri Jayewardenepura**

သီရိလင်္ကာနိုင်ငံ၊ ကိုတေ (Kotte) မြို့အနီးရှိ ပညာရေးနှင့် သုတေသနအရည်အသွေးမြင့် တက္ကသိုလ်တစ်ခုဖြစ်သော University of Sri Jayewardenepura (USJ) သည် သီရိလင်္ကာနိုင်ငံ၏ အထင်ကရ အစိုးရတက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဘာသာပညာ၊ လူမှုရေးသိပ္ပံများ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် သိပ္ပံပညာရပ်များတွင် ထူးချွန်သော ပညာရေးနှင့် သုတေသနများကို အခြေခံထားသော တက္ကသိုလ်ဖြစ်ပါသည်။ Faculty of Humanities & Social sciences မှ ဗုဒ္ဓဘာသာပညာရပ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို တက်ရောက်ရန် စိတ်ဝင်စားသော ရဟန်းတော်များ၊ သီလရှင်များနှင့် ကျောင်းသားများအတွက် အောက်ပါ အချက်အလက်များကို စုစည်း တင်ပြပေးလိုက်ပါသည်။

### 1. University of Sri Jayewardenepura ၏ သမိုင်းအကျဉ်း

University of Sri Jayewardenepura သည် မူလအားဖြင့် Vidyodaya Pirivena အနေနှင့် "အစဉ်အလာရိုးရာ ဗုဒ္ဓဘာသာ ရဟန်းပညာရေးကောလိပ်တစ်ခု” အဖြစ် ၁၈၇၃ ခုနှစ် တွင်

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

ကိုလံဘိုမြို့ မလီဂခန္ဒ (Maligakanda) တွင် Ven. Hikkaduwe Sri Sumangala Thero က စတင်တည်ထောင်ခဲ့ပြီး၊ ဗုဒ္ဓဘာသာပညာရပ်များကို လေ့လာသင်ကြားသည့် အရေးပါသော ပညာရေးဗဟိုဌာနတစ်ခု ဖြစ်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ် တွင် သီရိလင်္ကာအစိုးရမှ Vidyodaya University and Vidyalankara University Act No. 45 ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး၊ Vidyodaya Pirivena ကို Vidyodaya University တက္ကသိုလ် အဆင့်သို့ မြှင့်တင်ခဲ့ပါသည်။ ထို့နောက် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ တွင် Vidyodaya University ကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး၊ ပထမဆုံး ဒုတိယမဟာဗျူဟာအုပ်ချုပ်ရေးမှူး (Vice-Chancellor) အဖြစ် Ven. Welivitiye Soratha Thero ကို ခန့်အပ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ၁၉၇၈ ခုနှစ် တွင် Vidyodaya University ကို University of Sri Jayewardenepura (USJ) ဟု အမည်ပြောင်းလဲခဲ့ပြီး၊ ယနေ့အထိ သီရိလင်္ကာနိုင်ငံ၏ ထင်ရှားသော အစိုးရတက္ကသိုလ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးလျက်ရှိပါသည်။

**(က) တည်နေရာနှင့်ပတ်ဝန်းကျင်**

USJ သည် ကိုလံဘိုမြို့အနီး Nugegoda – Gangodawila ဒေသတွင် တည်ရှိပြီး၊ သွားလာရေး အဆင်ပြေကာ သဘာဝပတ်ဝန်းကျင်နှင့် မြို့ပြပတ်ဝန်းကျင်တို့ ပေါင်းစပ်ထားသော တည်နေရာဖြစ်ပါသည်။

**(ခ) အဓိက ရည်မှန်းချက် (Mission and Vision)**

Sri Jayewardenepura တက္ကသိုလ်၏ Motto "Vijja Uppattham Setta" "အသိဉာဏ်ပညာသည် အမြင့်ဆုံးသော အခြေခံအုတ်မြစ် ဖြစ်သည်" ဟူသော မိုတို စကားလုံးထားရှိပြီး တက္ကသိုလ်၏

(1) Vision - "Prosper Lives through Education" ပညာရေးမှတစ်ဆင့် လူသားအကျိုးစီးပွားနှင့် လူမှုဘဝကောင်းမွန်ရေးကို မြှင့်တင်ရန်/

(2) Mission- "Create and Disseminate Knowledge for the Prosperity of the Nation while Preserving its Cultural Heritage" နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းထားရင်း၊

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ချမ်းသာမှုအတွက် အသိပညာကို ဖန်တီးကာ ဖြန့်ဝေခြင်း အားဖြင့် နိုင်ငံသားများသာမက ကမ္ဘာတစ်ဝှမ်းရှိ လူသားအားလုံး၏ ကောင်းကျိုးအတွက် အကျိုးပြုစေရန် ဆောင်ရွက်လိုသော ကတိကဝတ်ကို အလေးထားဖော်ပြထားပါသည်။

**2. Faculty of Graduate Studies (FGS)**

University of Sri Jayewardenepura ၏ Faculty of Graduate Studies (FGS) သည် ဘွဲ့လွန်ပညာရေးနှင့် သုတေသနလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲသည့် အဓိကဌာနဖြစ်ပြီး၊ တက္ကသိုလ်အတွင်းရှိ ပညာရပ်အမျိုးမျိုးကို ကိုယ်စားပြုသော Board of Studies (BOS) များမှတစ်ဆင့် ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

FGS အောက်တွင်

1. Faculty of Humanities & Social sciences
2. Faculty of Applied Sciences
3. Faculty of Management Studies & Commerce
4. Faculty of Medical Sciences
5. Faculty of Graduate Studies
6. Faculty of Technology
7. Faculty of Engineering
8. Faculty of Allied Health Sciences
9. Faculty of Dental Sciences
10. Faculty of Aquatic Bioresources
11. Faculty of Computing

MYANMAR STUDENTS ASSOCIATION IN SRI LANKA MSAS 2025

စသည့် ပညာရပ်နယ်ပယ်များကို ကိုယ်စားပြုသည့် Faculty 11 ခုခန့် ဖြင့် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့နှင့် သုတေသနဘွဲ့များကို သင်ကြားပေးလျက်ရှိပါသည်။ Faculty of Graduate Studies ၏ ရည်ရွယ်ချက်မှာ ဘွဲ့လွန်ပညာရေး၏ အရည်အသွေးမြှင့်တင်ရေး၊ သုတေသနယဉ်ကျေးမှု ဖွံ့ဖြိုးရေးနှင့် နိုင်ငံနှင့် လူသားအကျိုးပြု အသိပညာ ဖန်တီးဖြန့်ဝေရေး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာတက္ကသိုလ်များနှင့် MOU များ ဖြင့် ပူးပေါင်းကာ သုတေသနဘွဲ့များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

### 3. ပညာရေးနှင့် သင်ကြားရေး

Faculty of Graduate Studies အောက်တွင် ဖွင့်လှစ်ထားသော Buddhist Studies ပညာရပ်သည် Faculty of Humanities & Social sciences အောက်တွင် ပါဝင်ပြီး၊

- ဗုဒ္ဓဒဿနိကဘာသာ (Buddhist Philosophy)
- ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် သမိုင်း (Buddhist Civilization)
- ပါဠိစာပေ (Pāli)
- သက္ကတစာပေ (Sanskrit)

စသည့် ဘာသာရပ်များအပေါ် အခြေခံ၍ သုတေသနအခြေခံ စနစ်တကျ လေ့လာရေးသားနိုင်စေရန် ရည်ရွယ်ပါသည်။

သို့သော်လည်း လက်ရှိအချိန်ထိ (Diploma, BA, MA in Buddhist Studies) အတန်းများကိုဖွင့်လှစ်ခြင်းမရှိသေးပါ၊

**မှတ်ချက်။** MA one year နှင် MA two years in Buddhist studies program ကို 2027 လောက်မှာ စတင်ဖွင့်နိုင်ခြေရှိပါသည် အဘယ်ကြောင့်ဆိုသော် ထိုအတန်းများကိုဖွင့်လှစ်ဖို့ရန် ယခုအခါ University of Grants Commission of Sri Lanka (UGC) တင်ထားပါသည်။

**လက်ရှိ MPhil. နှင့် PhD တန်းကို တက်ရောက်နိုင်ပါသည်**

1. Master of Philosophy (M.Phil.) – 2 နှစ်ကနေ 5 နှစ်ကန့်သန့်ထားသည် (Proposal ရေး၊ တက္ကသိုလ်ကပို့ချသည့် Research Methodology Course တက်ရောက်ရမည်၊ သုတေသန ကျမ်းရေး/ Presentation/ MPhil တန်းတွက် သုတေသနစာတမ်းတစ်စောင်ရေးပီး Peer review Journal တစ်ခုခုမှ publication လုပ်ရမည်၊

2. Doctor of Philosophy (Ph.D.) တန်းသည် ၃ နှစ်မှ 6 နှစ်ကန့်သန့်ထားသည် (PhD proposal ရေး၊ သုတေသန ကျမ်းရေး/ Presentation/ သုတေသနကျမ်း ရေးသားခြင်းနှင့် Viva Voce စစ်ဆေးခြင်းတို့ ပါဝင်ပါသည်.

* သင်ကြားရေး ဘာသာစကား - အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပေးပါသည်။

**4. ပညာသင်စရိတ် (Fee & Expenses)**

1. M.Phil. (Research) $ 1000 (per year)
2. Ph.D. (Research) - $ 1300 (per year)

**5. နေထိုင်မှုနှင့် ကျောင်းသားအထောက်အပံ့ (Accommodation & Support)**

**(က) တက္ကသိုလ်အဆောင်**

University of Sri Jayewardenepura (USJ) သည် လက်ရှိအချိန်တွင် Foreign ကျောင်းသားများအတွက် ကျောင်းတွင်း အဆောင်ကို စီစဉ်ပေးနိုင်ခြင်း မရှိသေးပါ။

**(ခ) ပြင်ပနေထိုင်မှုနှင့် စရိတ်**

ကျောင်းသားများသည် တက္ကသိုလ်နှင့် နီးစပ်သော နေရာအနီးဝန်းကျင်မှာ ကိုယ်ပိုင်အိမ်များ သို့မဟုတ် တိုက်ခန်းများတွင် ငှားရမ်းနေထိုင်နိုင်ပါသည်။

ခန့်မှန်း အဆောင်ခ - တစ်လလျှင် Rs 10,000–15,000 ($75–95) ဖြင့် တစ်ဦးတည်း အခန်း ငှားရမ်းနေနိုင်ပါသည်။ စုပေါင်း၍လည်း ငှါးရန်နေနိုင်ပါသည်။

နေထိုင်စားသောက်စရိတ် - တစ်လလျှင် USD 200–300 ဝန်းကျင် ကုန်ကျနိုင်ပါသည်။

အထက်ပါနေစရိတ်များ အကုန်ကျမခံလိုပါက အဆက်အသွယ်ရှိသည့် လိုကယ်ဘုန်းကြီးကျောင်းများတွင်လည်း လိုကယ်ဘုန်းကြီးများ နည်းတူ အခမဲ့ နေထိုင်နိုင်ပါသည်။

(ဂ) ကျောင်းသားအထောက်အပံ့

ပင်မစာကြည့်တိုက် နှင့် စာကြည့်တိုက်အသေးစား နှစ်ခုလုံးအသုံးပြုနိုင်ပါသည်၊ စာအုပ်စာတမ်းများ (ပိဋကတ်၊ ပေစာများ) နှင့် အခြား အထောက်အပံ့များ ရရှိနိုင်ပါသည်။

**6. ဝင်ခွင့်နှင့် ဗီဇာ လိုအပ်ချက်များ (Admission & Visa Requirements)**

(က) ဝင်ခွင့်လိုအပ်ချက်များ (Entry Requirements)

* ကျောင်းအပ်နှံရန် လိုအပ်သည့် အဓိက စာရွက်စာတမ်းများ

လျှောက်ထားသူသည် မိမိတက်ရောက်လိုသည့် (M.Phil., Ph.D.) တွက် လိုအပ်သော အရည်အချင်းများနှင့်ပြည့်စုံကြောင်း သက်သေပြရန် အောက်ပါမူရင်းစာရွက်စာတမ်းများ (သို့မဟုတ်) မှတ်တမ်းတင်ထားသော မိတ္တူများကို ပြင်ဆင်ထားရပါမည်။

၁။ ပညာရေးဆိုင်ရာ မှတ်တမ်းများ (Academic Documents)

၂။ မဟာဘွဲ့ (one year or two year M.A.) အောင်လက်မှတ်

၃။ ရမှတ်စာရင်း (Transcripts / Detailed Mark Sheets) - သင်ယူခဲ့သော ဘာသာရပ်များ၏ အသေးစိတ် အမှတ်စာရင်းများ

၄။ သုတေသန အဆိုပြုလွှာ (Research Proposal) နှင့် မိမိလုပ်ဆောင်လိုသော သုတေသန အကြောင်းအရာ၊ ရည်ရွယ်ချက်၊ နည်းစနစ်များ ပါဝင်ရပါမည်။

* ကျောင်းအပ်ချိန် - MPhil or PhD လုပ်မည့် ကျောင်းသားသည် မည့်သည့်အချိန်မဆို တက္ကသိုလ်ကို သွားရောက်ပီး ဆရားများနှင့်တွေ့ဆုံကာ ပထမဆုံးမိမိသုတေသန ပြုလုပ်မည့် ကျမ်းခေါင်းစဉ် နှင့် proposal အကျဉ်းရေးသားပြီး ဆရာနှင့်တွေ့ဆုံဆွေးနွေးနိုင်ပါသည် ဆရာက လက်ခံလျှင်ရှေ့ဆက်ကျောင်းအပ်နိုင်ပါသည်။

(ခ) ဗီဇာလိုအပ်ချက်များ (Visa Requirements)

၁။ MPhil/ PhD ကျောင်းသားများ ဗီဇာသက်တမ်းကုန်ပါက တက္ကသိုလ်က ထောက်ခံချက်ယူပီးသက်ဆိုင်ရာဌာနများသွားကာ လူဝင်မှုကြီးကြပ်ရေးဌာနတွင် ဗီဇာရယူနိုင်ပါသည်။

**ဘွဲ့၏ တရားဝင်မှု** - University of Sri Jayewardenepura (USJ) မှ ရရှိသောဘွဲ့များသည် နိုင်ငံတကာတွင် အသိအမှတ်ပြုမှု ရရှိရန် အခွင့်အလမ်းမြင့်မားပါသည်။

**အနာဂတ်အခွင့်အလမ်း** - ဤတက္ကသိုလ်မှ ဘွဲ့ရပြီးပါက ပြည်တွင်း/ပြည်ပတွင် အခြားတက္ကသိုလ်များ၌ ပညာရေး ဆက်လက် သင်ယူရန် သို့မဟုတ် သုတေသနနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ရန် လွယ်ကူစေပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**USJ မိတ်ဆက်**

### 📞 USJ သို့ ဆက်သွယ်ရန်

1. Tel: +94 11 275 6000/ +94 11 275 8000
2. Email: eis@sjp.ac.lk
3. Web: **https://www.sjp.ac.lk/**




## ၈။ UOK

**University of Kelaniya (Main Campus)**

### ၁။ ကေလနိယတက္ကသိုလ်

ကေလနိယတက္ကသိုလ်ပင်မဌာန (University of Kelaniya-Main Campus-UoK) သည် ကိုလံဘိုမြို့ပြဇရိယာ၏ အပြင်ဘက် ကေလနိယမြို့တွင် တည်ရှိပါသည်။ ကိုလံဘိုမှ ကန္ဒီသို့သွားသော လမ်းမကြီးပေါ်တွင် တည်ရှိသည်။ ကေလနိယတက္ကသိုလ်သည် သီရိလင်္ကာနိုင်ငံတွင် ရှေးကျ၍ ထင်ရှားသော အစိုးရတက္ကသိုလ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ထိုကေလနိယတက္ကသိုလ်သည် ဝိဒျာလင်္ကာရပိရိဝေန (Vidyalankara Pirivena) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတော်မှ ဆင့်ကဲ ပြောင်းလဲလာခဲ့သည်။ ဆရာတော်ရတမာလနေသီရိဓမ္မာလောကမထေရ် (Ratmalane Sri Dharmaloka Thera) သည် ဝိဒျာလင်္ကာရပိရိဝေန (Vidyalankara Pirivena) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို (၁၈၇၅) ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ (၁၉၄၀-၁၉၅၀) ဝန်းကျင်တွင် Dr. C.W.W. Kannangara ဦးဆောင်သောပညာရှင်များ၏ ခေတ်သစ်ပညာရေးလှုပ်ရှားမှု အကျိုးဆက်အနေဖြင့်

MYANMAR STUDENTS ASSOCIATION IN SRI LANKA
MSAS
2025

ဝိဒျာလင်္ကာရပိရိဝေနအဖြစ်မှ ဝိဒျာလင်္ကာရတက္ကသိုလ် (Vidyalankara University) အဖြစ်သို့ (၁၉၅၉) ခုနှစ်တွင် စတင်ပြောင်းလဲခဲ့သည်။

(၁၉၇၂) ခုနှစ်တွင် သီရိလင်္ကာအစိုးရ၏ တက္ကသိုလ်များကို တစ်ခုတည်းအောက်၌ စုစည်းခြင်းမူဝါဒ (Single University Hypothesis) အရ ပေါ်ပေါက်ခဲ့သည့် သီဟိုဠ်တက္ကသိုလ်အက်ဥပဒေ (၁) (University of Ceylon Act No.1) အရ သီးခြားလွတ်လပ်သော တက္ကသိုလ်တစ်ခုအဖြစ်မှ Vidyalankara Campus of the University of Ceylon အဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။ (၁၉၇၈) ခုနှစ်တွင် ပြဋ္ဌာန်းသည့် အက်ဥပဒေ (၁၆) (Universities Act, No. 16) အရ "တက္ကသိုလ်များဆိုင်ရာ ဗဟိုကြီးကြပ်ရေးအဖွဲ့" (University Grants Commission (UGC) ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအက်ဥပဒေအရ တက္ကသိုလ်များကို သီးခြားလွတ်လပ်သော ပညာရေးဌာနများအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ထိုအချိန်မှစတင်၍ ကေလနိယတက္ကသိုလ် (University of Kelaniya) သည် သီးခြားလွတ်လပ်သော ပညာရေးဌာနတစ်ခု ဖြစ်လာခဲ့ပါသည်။

**တက္ကသိုလ်၏ ရှေ့ရှုလုပ်ဆောင်မည့်ရည်မှန်းချက် (Vision)**

ကေလနိယတက္ကသိုလ်သည် "နိုင်ငံတကာအသိအမှတ်ပြု ထူးချွန်ပြောင်မြောက်သည့် ပညာရေးစင်တာတစ်ခု ဖြစ်လာစေရန်၊ အသိပညာများကို သုတေသနနည်းကျ ဖော်ထုတ်ခြင်းနှင့်၊ စနစ်တကျပြန်လည်ဖြန့်ဖြူးခြင်းတို့ဖြင့် အမြဲမပြတ် ဖွံ့ဖြိုးတိုးတက်သည့် လူမှုအဖွဲ့အစည်း ဖြစ်ပေါ်စေရန်" ရည်မှန်းထားပါသည်။

**တက္ကသိုလ်၏ ရည်မှန်းချက် (Mission)**

ကေလနိယတက္ကသိုလ်ရှိ နယ်ပယ်အသီးသီးမှ ပါမောက္ခများ၊ ကထိကများ၊ ပညာရှင်များ၊ သုတေသနပညာရှင်များ၊ ကျောင်းသားများနှင့် နယ်ပယ်အသီးသီးမှဝန်ထမ်းများသည်

- သုတေသန၊ ဆန်းသစ်တီထွင်မှုနှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ထူးချွန်စေရန် အလေးထားသော တက်ကြွသည့် ပညာရှင်အသိုက်အဝန်းတစ်ခုကို တည်ဆောက်ရန်၊
- တီထွင်ဖန်တီးနိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သည့် ခေါင်းဆောင်မှုများ ပေါ်ထွက်လာစေရန်၊
- ဘဝအတွက် အလှည့်အပြောင်းဖြစ်စေမည့် ပညာရေးအတွေ့အကြုံများကို ဖော်ဆောင်ပေးမည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန် ကြိုးစားအားထုတ်ကြမည် ဖြစ်ပါသည်။

ဤနည်းဖြင့် ကေလနိယတက္ကသိုလ်သည် သီရိလင်္ကာနိုင်ငံ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လူမှုအဖွဲ့အစည်းကို အကျိုးပြုနိုင်မည့် နယ်ပယ်အသီးသီးမှ ပညာရှင်များ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။

**တက်ရောက်နိုင်သော အတန်းများ၊ သင်တန်းကာလ၊ ပညာသင်ကြားစရိတ် (Fee & Expenses) နှင့် သက်ဆိုင်ရာဘာသာရပ်များ (Courses, Duration, Subjects)**

ကေလနိယတက္ကသိုလ်၏ ပညာရေးဆိုင်ရာဌာနများမှာ Institutes နှစ်ခု၊ မဟာဌာန (Faculties) (၇) ခုနှင့် ဌာနခွဲ (Department) (၅၇) ခု ရှိပါသည်။ မြန်မာကျောင်းသားအများစုသည် Faculty of Humanities လက်အောက်ရှိ Department of Pali & Buddhist Studies ဌာနတွင် တက်ရောက်ပညာသင်ကြားနေကြပါသည်။ ထိုဌာနတွင် တက်ရောက်နိုင်သော အတန်း (Program) များမှာ-

1) Diploma in Buddhist Studies, 1 yr၊ (600$)

2) Bachelor of Arts (Hons) in Pali, 4 yrs၊ (825 $ per year)

3) Bachelor of Arts (Hons) in Buddhist Philosophy, 4 yrs၊ (825 $ per year)

4) Bachelor of Arts (General Degree), 3 yrs၊ (825 $ per year) တို့ ဖြစ်ကြပါသည်။

**Faculty of Graduate Studies (FGS) အောက်ရှိ Program များမှာ**

5) Master of Arts in Buddhist Studies, 1 yr၊ (900 $)

6) Master of Arts in Buddhist Studies, 2 yrs၊ (1300 $) တို့ ဖြစ်ကြပါသည်။

**တစ်နှစ်တာ သင်ကြားရေး အစီအစဉ်**

စာသင်နှစ်ကို Semester များဖြင့် ပိုင်းခြားထားပြီး Coursework များ၊ Assignment များ၊ Oral Presentation များ၊ BA (Hons) နှင့် MA တို့တွင် သုတေသနကျမ်း (Proposal, Thesis) တို့ ပါဝင်ပါသည်။ BA(General) ကျောင်းသားများအနေနှင့် Final Year တွင် Internship unit အဖြစ် နာရီ 300 အလုပ်သင်ဆင်းပေးရပါသည်။ သင်ကြားပေးသော ဘာသာရပ်များမှာ Pali, Sanskrit, Buddhist Philosophy, Buddhist Culture, English စသော ဘာသာရပ်များပါဝင်သည်။ Internship Course အနေဖြင့် ICT၊ ဆင်ဟာလဘာသာစကားနှင့် အခြားသော Optional Subject အဖြစ်ဖြင့် Modern Language (Chinese, Japanese, France စသည်များ) ကိုလည်း အပိုထပ်ဆောင်း ငွေသွင်းစရာမလိုပဲ ရွေးချယ်သင်ယူနိုင်ပါသည်။ ကျောင်းကြေးများကို final exam မတိုင်ခင် အခါအားလျော်စွာ ပေးသွင်းနိုင်ပါသည်။

**နေထိုင်မှုနှင့် အထောက်အပံ့ (Accommodation & Support)**

**တက္ကသိုလ်အဆောင်**

လက်ရှိအချိန်တွင် Foreign ကျောင်းသားများအတွက် အဆောင်ဆောက်လုပ်ဆဲဖြစ်၍ အဆောင်ကို စီစဉ်ပေးနိုင်ခြင်း မရှိသေးပါ။

### ပြင်ပနေထိုင်မှုနှင့် စရိတ်

ကျောင်းသားများသည် တက္ကသိုလ်၏အနီး ကေလနိယမြို့ဝန်းကျင်ရှိ အိမ်များ၊ တိုက်ခန်းများတွင် ငှားရမ်းနေထိုင်နိုင်ပါသည်။

### ခန့်မှန်း အဆောင်ခ

တစ်လလျှင် ရူပီး ၁၅၀၀၀-၃၀၀၀၀ (Rs 15,000–30,000/$75–100) ဖြင့် တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ငှါးရမ်းနေထိုင်နိုင်ပါသည်။ နေထိုင်စားသောက်စရိတ်မှာ တစ်လလျှင် USD 200–300 ဝန်းကျင် ကုန်ကျနိုင်ပါသည်။ တက္ကသိုလ်ဝန်းကျင်ရှိ သီရိလင်္ကာဘုန်းကြီးကျောင်းများနှင့် မကုဋ္ဌာရာမမြန်မာကျောင်းတွင်လည်း နေထိုင်နိုင်ပါသည်။

### ကျောင်းဝင်ခွင့်နှင့် ဗီဇာအစီအစဉ်

Diploma in Buddhist Studies 1 year Program အတွက် ဇန်နဝါရီ (၁) ရက်နေ့မှ ဧပြီ (၁) ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။ လိုအပ်သော ပညာအရည်အချင်းများမှာ -

1) သီရိလင်္ကာနိုင်ငံ၏ G.C.E (General Certificate of Education) အထက်တန်းအဆင့် (Advanced Level)

2) အထက်ဖော်ပြပါ အရည်အချင်းများနှင့် ညီမျှသော လက်မှတ် (သို့မဟုတ်) အသိအမှတ်ပြု တက္ကသိုလ် (သို့မဟုတ်) အဆင့်မြင့်ပညာရေး အဖွဲ့အစည်းတစ်ခုခုမှ ပေးအပ်သော ဗုဒ္ဓဘာသာပညာဆိုင်ရာ ဒီပလိုမာလက်မှတ်။

3) အထက်တန်း ပညာရေးပြီးဆုံးကြောင်း လက်မှတ် (High School Certificate) - (၁၃ နှစ်ကြာ ကျောင်းပညာရေး ပြီးဆုံးထားသူ ဖြစ်ရမည်)။

4) ကေလနိယတက္ကသိုလ် ပညာရေးကောင်စီ (Senate) မှ လက်ခံအတည်ပြုထားသော အခြားမည်သည့် အရည်အချင်းနှင့်မဆို ပြည့်စုံသူဖြစ်ရပါမည်။

Bachelor of Arts (Special or General) အတွက် - Diploma in Buddhist Studies 1 year Program ပြီးဆုံးမှသာ ဆက်လက်တက်ရောက်ခွင့်ရှိပါသည်။

Master of Arts in Buddhist Studies (1&2 yrs) အတွက် နိုဝင်ဘာလမှ စတင်လျှောက်ထားနိုင်ပါသည်။ **လိုအပ်သောအရည်အချင်းများမှာ -**

1) UGC တွင် မှတ်ပုံတင်ထားသော အသိအမှတ်ပြု တက္ကသိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ရရှိထားသည့် အနည်းဆုံး (၃) နှစ်ကြာ တက်ရောက်ခဲ့သော BA ဘွဲ့တစ်ခုခု ရရှိထားသူ ဖြစ်ရမည်။

2) နိုင်ငံတကာကျောင်းသားများအတွက် သက်ဆိုင်ရာနိုင်ငံမှ အစိုးရအသိမှတ်ပြု တက္ကသိုလ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုမှ ရရှိထားသည့် အနည်းဆုံး (၃) နှစ်ကြာ တက်ရောက်ခဲ့သော BA ဘွဲ့တစ်ခုခု ရရှိထားသူ ဖြစ်ရမည်။ (သာသနဓဇဓမ္မာစရိယဘွဲ့ဖြင့် လျှောက်ထား၍မရပါ)

3) ကေလနိယတက္ကသိုလ် ပညာရေးကောင်စီ (Senate) မှ လက်ခံအတည်ပြုထားသော အခြားမည်သည့် အရည်အချင်းမဆို ရှိသူဖြစ်ရမည်။

## နိုင်ငံခြားတက္ကသိုလ်များနှင့်ချိတ်ဆက်မှု

ကေလနိယတက္ကသိုလ်သည် အင်္ဂလန်၊ ဩစတေးလျ၊ ဂျပန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ် စသော ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျှက်ရှိပါသည်။ အထူးသဖြင့် Department of Pali and Buddhist Studies ဌာနသည် ကွာလာလမ်ပူရှိ မလေးရှားဗုဒ္ဓဘာသာအကယ်ဒမီ (Malaysian

Buddhist Academy) နှင့် ပူးပေါင်း၍ ဗုဒ္ဓဘာသာပညာ ဒီပလိုမာ (၁ နှစ်) နှင့် MA (၁ နှစ်) သင်တန်းများကိုလည်း မလေးရှားနိုင်ငံတွင် သင်ကြားပို့ချပေးလျက်ရှိသည်။ တရုတ်နိုင်ငံ၊ ရှန်ကျန်းရှိ Benhuan အကယ်ဒမီနှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးကာ ဗုဒ္ဓဘာသာပညာ ဂုဏ်ထူးဆောင်ဘွဲ့ (BA Honours) သင်တန်းကို ဖွင့်လှစ်ထားသည်။ ဟောင်ကောင်ရှိ Buddha-Dharma Centre နှင့် MoU ရေးထိုး၍ ဗုဒ္ဓဘာသာပညာ ဒီပလိုမာသင်တန်းကို ဖွင့်လှစ်ထားပါသည်။ အမေရိကန်နိုင်ငံ၊ ဩဂုတ်စတာ (Augusta) ရှိ Mindfulness Research and Training Academy နှင့် သဘောတူညီချက်ရယူကာ အမေရိကန်နိုင်ငံတွင် ဗုဒ္ဓဘာသာပညာ ဒီပလိုမာသင်တန်းကို မိတ်ဆက်ခဲ့သည်။

နိဂုံးချုပ်အနေဖြင့် တရုတ်၊ ကိုရီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် အစရှိသည့် နိုင်ငံအသီးသီးမှ ကျောင်းသားများသည် ဤဌာနတွင် လာရောက်ပညာသင်ကြားလျက်ရှိကြသည်။ ထို့အပြင် စင်ကာပူ၊ မလေးရှား၊ တရုတ်နှင့် အမေရိကန်ကဲ့သို့သော နိုင်ငံများသည်လည်း ကေလနိယတက္ကသိုလ် ပါဠိနှင့် ဗုဒ္ဓဘာသာပညာဌာန၏ သင်ရိုးညွှန်းတမ်းများနှင့် လိုအပ်သည့်လမ်းညွှန်ချက်များကို လိုက်နာ၍ ဗုဒ္ဓဘာသာပညာရပ်များကို သင်ကြားပို့ချပေးခြင်းနှင့် ဘွဲ့အပ်နှင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။

အသေးစိတ်အချက်အလက်များကို ဆက်လက်သိလိုပါက အောက်ပါ **MSAS YouTube Channel** တွင် သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**UOK မိတ်ဆက်**

### 📞 UOK သို့ ဆက်သွယ်ရန်

1. Tel: + 94112 903 903/ +94112 913 857
2. Email: oneuok@kln.ac.lk
3. Web: **https://www.kln.ac.lk/**

သီရိလင်္ကာ ဗုဒ္ဓတက္ကသိုလ်များတွင်
ပညာသင်ကြားလိုသော ကျောင်းသားများအတွက်
တက္ကသိုလ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို
စုစည်းတင်ပြထားသည်။
နှစ်သက်ရာ တက္ကသိုလ်ကို ရွေးချယ် တက်ရောက်နိုင်ပါသည်။

မြန်မာကျောင်းသားများအဖွဲ့အစည်း-သီရိလင်္ကာ